# စက်မှုအလင်း ဂျာနယ်

## Beacon of Industry

အတွဲ ၁ ၊ အမှတ် ၁၃ ၊ ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၁၅ ရက်　　www.industry.gov.mm　　စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) နှင့် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များအဖွဲ့ (CPG) ပထမအကြိမ် အစည်းအဝေးတွင် တက်ရောက်မိန့်ခွန်း ပြောကြားစဉ်

စာ - ၄





Chamber of Commerce Invest ၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်

## စက်မှုဝန်ကြီး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဂျာမနီနိုင်ငံသို့ သွားရောက်

ဂျာမနီနိုင်ငံသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးသည့်နိုင်ငံဖြစ်ရာ ပြည်ထောင်စုဝန်ကြီး၏ ယခုခရီးစဉ်အတွင်း ဆွေးနွေးမှုရလဒ်များ၊ အကြံပြုချက်များ၊ လေ့လာတွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကနှင့် SMEs လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည်။

စာ - ၂

### စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား အီတလီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

စာ - ၃

မျက်နှာဖုံး မှ-

# နိုင်ငံတော်၏စက်မှုကဏ္ဍ၊ ပုဂ္ဂလိကနှင့် SME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်စွမ်းအင်နှင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒနှင့်လက်တွေ့ဆောင်ရွက်နေမှုများအားလေ့လာရန် စက်မှုဝန်ကြီး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဂျာမနီနိုင်ငံသို့သွားရောက်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် လက်တွေ့ဆောင်ရွက်နေမှုများ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အလုံးစုံပါဝင်သည့် စီးပွားရေးမူဝါဒမူဘောင်ရေးဆွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဂျာမနီနိုင်ငံ Federal Ministry of Economics and Technology (BMWi), Schwerin State's Ministry of Economy, Economic Development Organization of the State of Mecklenburg-Vorpommen နှင့် Federal Ministry of Economic Cooperation and Development (BMZ) တို့၏ ဖိတ်ကြားချက်အရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံသို့ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ သွားရောက်ခဲ့သည်။



KfW အဖွဲ့နှင့်တွေ့ဆုံစဉ်

ခရီးစဉ်အတွင်း ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖရန့်ဖွတ်မြို့ရှိ မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍနှင့် SME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် Banking System နှင့် SME Loan System များ၌ ကူညီပံ့ပိုးပေးနေသော KfW ရုံးချုပ်သို့သွားရောက်ပြီး East Asia and Pacific Department ညွှန်ကြားရေးမှူး Mr.Hamburger နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ SME လုပ်ငန်းများနှင့် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ကူညီနိုင်ရေးဆွေးနွေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် GIZ ရုံးချုပ်သို့ရောက်ရှိပြီး အာရှ၊ လက်တင်အမေရိက၊ ကာရေဗီယံဒေသများဆိုင်ရာအကြီးအကဲ Mr. Pray နှင့်တွေ့ဆုံပြီး အနာဂတ်တွင် GIZ နှင့်ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဂျာမနီနိုင်ငံ၏အောင်မြင်ပြီးသော ပုဂ္ဂလိကနှင့် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး



GIZ အဖွဲ့နှင့်တွေ့ဆုံစဉ်

အထောက်အကူပြုအစီအစဉ်များအား လေ့လာ၍ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝုဖ်ဘာ့ဂ်မြို့သို့သွားရောက်ခဲ့ပြီး Volkswagen in Wolfsburg Social Industry Park တွင် Head of International and European Policy, Public Affairs and Sustainability ဖြစ်သူ Mr. Jens Hanefeld၊ Head of China and Asia Pacific region ဖြစ်သူ Mrs.Michaela Abels တို့နှင့်တွေ့ဆုံ၍ Volkswagen in Wolfsburg မှ ကမ္ဘာကျော်အမှတ်တံဆိပ် ကားထုတ်လုပ်မှုလုပ်ငန်းခွင်အခြေအနေ၊ ဂျာမနီနှစ်နိုင်ငံပြန်လည်ပေါင်းစည်းပြီးနောက်ပိုင်း Public, Private, Partnership ပြုလုပ်၍ Volkswagen in Wolfsburg Industry Park အပါအဝင် ဂျာမနီနိုင်ငံ၏စက်မှုကဏ္ဍ၌ Policy, Social Warefair များ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများအား မေးမြန်းဆွေးနွေးလေ့လာခဲ့သည်။



BMZ အဖွဲ့နှင့်တွေ့ဆုံစဉ်

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဝုဖ်ဘာ့ချ်မြို့မှတစ်ဆင့် မော်တော်ယာဉ်ဖြင့် ဘာလင်မြို့သို့သွားရောက်ခဲ့ပြီး Federal Ministry of Eco-nomics and Techonlogy (BMWi) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ SME ကဏ္ဍ၌ လက်ရှိကြုံတွေ့နေသောကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များ၌ ဂျာမနီနိုင်ငံ၏အတွေ့အကြုံကောင်းများဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း အပြန်အလှန်ဆွေးနွေးခဲ့သည်။



BMWi အဖွဲ့နှင့်တွေ့ဆုံစဉ်

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျာမနီနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဒေါ်ရင်ရင်မြင့်နှင့်အတူ Federal Ministry of Economic Cooperation and Development (BMZ) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေးဆိုင်ရာများ၌ ဂျာမနီနိုင်ငံ၏ အတွေ့အကြုံကောင်းများဖြင့် ပိုမိုပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘာလင်မြို့မှ Rostock မြို့သို့ မော်တော်ယာဉ်ဖြင့်သွားရောက်ခဲ့ပြီး အဆိုပါမြို့ရှိ ဂျာမနီနိုင်ငံ၏တစ်ခုတည်းသော Aquaponic Test Station ဖြစ်သည့် University of Rostock ကိုလေ့လာခဲ့သည်။

အဆိုပါတက္ကသိုလ်တွင် ပုဂ္ဂလိကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောဒေသတွင်းစီးပွားရေးလုပ်ငန်းများ၏ တီထွင်ဆန်းသစ်မှုများ၊ အစိုးရ၊ ပုဂ္ဂလိကနှင့်တက္ကသိုလ်တို့ပူးပေါင်း၍ သုတေသနပြုဆောင်ရွက်နေမှုများ၊ လူမှု-စီးပွားနှင့်သဘာဝပတ်ဝန်းကျင်တို့ သဟဇာတဖြစ်စေရန် စမ်းသပ်တီထွင်နေမှုများ၊ သုတေသနပြုချက်မှတစ်ဆင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၌ အကျိုးဖြစ်ထွန်း

စာမျက်နှာ ၃ သို့ -

**စာမျက်နှာ ၂ မှ -**


စေမှုများ၊ ငွေကြေးအကူအညီအထောက်အပံ့ ရရှိနိုင်မှုအခြေအနေများအား လေ့လာခဲ့ပြီး မြန်မာပညာရှင်များအား အဆိုပါတက္ကသိုလ်တွင် Scholarship အစီအစဉ်ဖြင့် အတွေ့အကြုံကောင်းများ တက်ရောက်သင်ကြားရယူနိုင်ရေးဆွေးနွေးခဲ့သည်။ လေ့လာညှိနှိုင်းမှုများ



Ministry of Economy, Labour and Health မှ Minister Mr. Glawe နှင့်တွေ့ဆုံစဉ်

အရ ၂၀၁၇ ခုနှစ်၌ Exchange Programme စတင်ပြုလုပ်နိုင်ပြီး မြန်မာနိုင်ငံ၏ Agri-Aqua ပုဂ္ဂလိကကဏ္ဍအတွက် အကျိုးများစွာရရှိစေမည်ဖြစ်သည်။

ထိုနေ့ နေ့လယ်ပိုင်း၌ ပြည်ထောင်စုဝန်ကြီးသည် Schwerin State ၏ Ministry of Economy, Labour and Health မှ Minister Mr. Glawe နှင့်တွေ့ဆုံ၍ ဒေသတွင်းဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့သည့် နှစ် ၂၀ အတွေ့အကြုံများ၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဒေသ၏စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့မှုအတွေ့အကြုံကောင်းများကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဓိကပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းကြီးဖြစ်သည့် Region Chamber of Commerce and Invest in




Mechlinburg Vorponmem အဖွဲ့ဥက္ကဋ္ဌနှင့်တွေ့ဆုံကာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် Schwerin မြို့မှတစ်ဆင့် Hamburg မြို့သို့ရောက်ရှိပြီး BMZ မှတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Advisory Fund for Structural and Regulatory Policy Reform (FSRP) အထောက်အပံ့ဖြင့်ရရှိမည့် Fund တွင် အလုံးစုံပါဝင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်စွမ်းအင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာများနှင့်လက်တွေ့ဆောင်ရွက်နေမှုများ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အလုံးစုံပါဝင်သည့် စီးပွားရေးမူဝါဒမူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဂျာမနီနိုင်ငံသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးသည့်နိုင်ငံဖြစ်ရာ ပြည်ထောင်စုဝန်ကြီး၏ယခုခရီးစဉ်အတွင်း ဆွေးနွေးမှုရလဒ်များ၊ အကြံပြုချက်များ၊ လေ့လာတွေ့ရှိချက်များသည် မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကနှင့် SMEs လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ■




Advisory Fund for Structural and Regulatory Policy Reform (FSRP) Workshop ပြုလုပ်စဉ်

မျက်နှာဖုံး မှ-

## စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား အီတလီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဖြစ်သူ H.E.Mr.Pier Giorgio Aliberti မှ ဒီဇင်ဘာလ ၁၄ ရက်နေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်အတွက် အီတလီနိုင်ငံတွင် မြန်မာနိုင်ငံမှ Country Presentation သွားရောက်ပြုလုပ်မည့်အစီအစဉ်များ၊ အခြေခံအဆောက်အဦနှင့်စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် သံမဏိစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တွင် အီတလီနိုင်ငံမှရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စများ၊ လယ်ယာသုံးစက်ယန္တရားများနှင့် အခြားအကြီးစားစက်မှုလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။



## ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ အလုပ်ရှင်နှင့်အလုပ်သမားပြဿနာ ငြိမ်းချမ်းစွာဖြေရှင်းရေး ဆွေးနွေး



မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံအား ပန်ဒါကုမ္ပဏီသို့ ယခင်အစိုးရလက်ထက်က လွှဲပြောင်းပေးခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော နိုင်ငံ့ဝန်ထမ်းဟောင်းများ၏ နောက်ဆက်တွဲအခက်အခဲများ၊ နစ်နာချက်များအား ကုစားပေးနိုင်ရန် ပုဂ္ဂလိကလွှဲပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဥ်များအား ပြန်လည်ပြင်ဆင်ပေးရေး၊ ရက်ပေါင်း ၁၉၀ ကျော် အလုပ်သမားသပိတ်အား အပြီးအပြတ်ဖြေရှင်းပေးရေး၊ စက်မှုဝန်ကြီးဌာနနှင့်ပန်ဒါကုမ္ပဏီတို့ ချုပ်ဆိုထားသောမူလစာချုပ်အား အပြည့်အဝအကောင်အထည်ဖော်ပေးရေး၊ အလုပ်ဆင်းရက်၊ နားရက်၊ အချိန်ပိုကြေး၊ လွှဲပြောင်းလုပ်သားများအား အမြဲတမ်းဝန်ထမ်းအဖြစ် သတ်မှတ်ရေး၊ ကျွမ်းကျင်လုပ်သားများအား ဌာနပြောင်းရွှေ့ခြင်းများ မပြုလုပ်ရေး၊ အလုပ်ရှင်/အလုပ်သမား ပြဿနာပြေလည်စေရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ၆၆ လမ်းရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ လျှပ်စစ်စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် အလုပ်ရှင်၊ အလုပ်သမားဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ပန်ဒါကုမ္ပဏီမှတာဝန်ရှိသူများ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ပန်ဒါချည်မျှင်နှင့် အထည်စက်ရုံ အခြေခံအလုပ်သမား အစည်းအရုံးမှဦးဆောင်ကာ အလုပ်သမား အမျိုးသား ၆၆ ဦး၊ အမျိုးသမီး ၂၁၈ ဦး၊ စုစုပေါင်း ၂၈၄ ဦးသည် ပန်ဒါကုမ္ပဏီဝင်းအတွင်း စက်ရုံမြောက်ဘက်ဂိတ်ပေါက်တွင်ထိုင်လျက် ဆန္ဒဖော်ထုတ်လျက်ရှိသည်။ ပလိပ်ချည်မျှင်နှင့် အချောကိုင်စက်ရုံလုပ်သားများသည် မန္တလေးမြို့၊ ပလိပ်မြို့များတွင် ခွင့်ပြုချက်ဖြင့်ဆန္ဒဖော်ထုတ်ပွဲများလည်း ကျင်းပခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလုပ်ရှင်၊ အလုပ်သမား ပြဿနာပြေလည်စေရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် အလုပ်သမားများ၏တောင်းဆိုချက် ၂၈ ချက်၊ ၈၀ ရာခိုင်နှုန်းအား အလုပ်ရှင်မှသဘောတူခဲ့ပြီး၊ ထုတ်ပယ်ခဲ့သော အလုပ်သမားများလည်း အလုပ်ပြန်ခန့်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

---

**မျက်နှာဖုံး မှ-**

ဖွံ့ဖြိုးမှုအကူအညီများအတွက် ဦးစားပေးလုပ်ငန်းများသတ်မှတ်ရာ၌ အမျိုးသားဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို ပထမအဆင့်အဖြစ်သတ်မှတ်ရန်လိုအပ်။

မိမိတို့အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီအမှန်တကယ်လိုအပ်သော စီမံကိန်းအချို့ကိုသတ်မှတ်ပြီးဖြစ်ကာ ယင်းစီမံကိန်းများတွင် အခြေခံအဆောက်အအုံ၊ အလုပ်အကိုင်ဖန်တီးရေး၊ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ပါဝင်။

မူဝါဒကို နိုင်ငံတကာမှ အကောင်းဆုံးစံနှုန်းဖြင့်ရေးဆွဲမည်ဖြစ်သော်လည်း မြန်မာနိုင်ငံ၏အခြေအနေကို ထည့်သွင်းစဉ်းစား၍ အခြေခံမည်ဖြစ်။

မိမိတို့ရည်မှန်းချက်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံးအတွက် အလေအလွင့်များလျှော့ချရန်ဖြစ်။

DACU အနေဖြင့် ဆန်းသစ်သောဖန်တီးနိုင်မှုများကိုရှာဖွေပြီး အကျိုးသက်ရောက်မှုရှိစေမည့် အတွေးအခေါ်များကို ကြိုဆိုလက်ခံ။

---

## အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ဒေသ ကုန်စည်ပြပွဲကျင်းပ

အိန္ဒိယသမ္မတနိုင်ငံ၊ မဏိပူရပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (အင်ဖာ) နှင့် မန္တလေးမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတို့ပူးပေါင်းကျင်းပသော အိန္ဒိယသမ္မတနိုင်ငံအရှေ့မြောက်ဒေသ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီခွဲက မန္တလေးမြို့တော်ခန်းမတွင်ကျင်းပခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ၊ မဏိပူရပြည်နယ် အရှေ့မြောက်ဒေသထုတ် ချည်ထည်များ၊ စားသောက်ကုန်များ၊ ဆေးဝါးများ၊ လက်မှုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးလယ်ထွန်စက်များ၊ စက်ပစ္စည်းများ၊ အိန္ဒိယနိုင်ငံ TVS မော်တော်ဆိုင်ကယ်များ ခင်းကျင်းပြသခဲ့ပြီး အိန္ဒိယရိုးရာအစားအစာများကိုလည်း အထူးနှုန်းဖြင့်ရောင်းချပေးခဲ့ကြောင်း သိရသည်

**သီဟကိုကို (မန္တလေး)**



---

## ခေတ်အဆက်ဆက်မော်တော်ယာဉ်များပြပွဲနှင့် ကားမောင်းပြိုင်ပွဲ ပြင်ဦးလွင်မြို့နယ် Cyber City တွင် ကျင်းပမည်

ကားမောင်းဝါသနာရှင်များ စုစည်းထားသည့် Mandalay Car Week (MCW) က ကြီးမှူး၍ မော်တော်ကားနှင့်ပတ်သက်သည့် အားကစားတစ်ရပ် ပေါ်ထွန်းလာပြီး နိုင်ငံတကာ ကားမောင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်၍ ပထမအကြိမ်ခေတ်အဆက်ဆက် မော်တော်ယာဉ်များ ပြပွဲနှင့်ကားမောင်းပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၊ ရတနာပုံ Cyber City ရှိ ပေ ၅၀၀ ပတ်လည်အကျယ်ရှိကွင်းတွင် ဒီဇင်ဘာလ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့များတွင် ကျင်းပမည်ဖြစ်သည်။

ခေတ်အဆက်ဆက် မော်တော်ယာဉ်များပြပွဲတွင် စိတ်ကူးဉာဏ်ဖြင့် တီထွင်စမ်းသပ်ထားသော ရှေးကားများ၊ ဒုတိယကမ္ဘာစစ်သုံးယာဉ်များ ၊ ခရီးကြမ်းလမ်းကြမ်း မောင်းနှင်သည့် မော်တော်ယာဉ်များ၊ ခေတ်မီမော်တော်ယာဉ်များကို ပြသသွားမည်ဖြစ်ပြီး ပြိုင်ကားများအား ကျွမ်းကျင်သူများအုပ်စုအလိုက်၊ တစ်ဦးချင်း Drift ဆွဲမောင်းနှင်သရုပ်ပြခြင်း၊ နိုင်ငံတကာကားမောင်းပြိုင်ပွဲ စံနှုန်းများအတိုင်းယှဉ်ပြိုင်ခြင်း၊ အမှတ်ပေးဒိုင်များက အကဲဖြတ်ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။



မော်တော်ယာဉ်ပြပွဲ၊ ကားမောင်းပြိုင်ပွဲနှင့်အတူ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အမှတ် (၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲတို့မှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများပြသခြင်း၊ ပညာပေးဟောပြောပွဲများ ပါဝင်မည်ဖြစ်သည်။ မော်တော်ယာဉ်ပိုင်ရှင်များအတွက်လည်း နိုင်ငံတကာကုမ္ပဏီများမှ ယာဉ်အပိုပစ္စည်းဆိုင်များ၊ အင်ဂျင်ဝိုင်နှင့်ချောဆီများ၊ ယာဉ်အလှဆင်ပစ္စည်း၊ ဘက်ထရီများ၊ တာယာများအားပြခန်းများဖွင့်၍ အထူးနှုန်းဖြင့်ရောင်းချပေးမည်ဖြစ်သည်။ မော်တော်ယာဉ်ပြပွဲနှင့် ကားမောင်းပြိုင်ပွဲကို မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# ရိုးရိုးကျင့် မြင့်မြင့်ကြံ



ကြည်သိမ့်

ဒီနေ့ ရာသီဥတုလေးကလည်း ကောင်း၊ အလုပ်လည်း အစောကြီးပြီးသွားတာမို့ မိတ်ကပ်ပညာရှင် မထက်ထံ စရံငွေပေးဖို့ စောစောလေးထွက်ခဲ့တယ်။

သမီးလေးရဲ့ ဘွဲ့နှင်းသဘင်ကလည်း နီးကပ်နေပြီလေ။

ခုကတည်းက ကြိုတင်ငွေပေးထားမှ စိတ်ချရမှာ၊ အလှပြင်ဆိုင်ရောက်တော့ လူများနေလို့ စရံငွေပေးဖို့စောင့်ရင်း 'ပိုက်ဆံမရှိရင် ဘွဲ့ယူဖို့ခက်တဲ့ခေတ်ကြီးပါလား' လို့ အတွေးတစ်ခုကဝင်လာတယ်။

အလှပြင်ဆိုင်မှထွက်ခဲ့ပြီး ဦးချစ်မောင်လမ်းပေါ်အရောက်မှာ တက္ကစီငှားဖို့စောင့်ဆိုင်းရင်း ဘေးဝဲယာကိုဘာရယ်မဟုတ် ဟိုဟိုဒီဒီ ကြည့်လိုက်တော့ လမ်းနံဘေးမှာရောင်းနေတဲ့ မုန့်လင်မယားဆိုင်လေးကို အမှတ်မထင်တွေ့လိုက်တယ်။

စားချင်တဲ့ စိတ်ကလေးပေါ်လာတာနဲ့ မုန့်ဆိုင်လေးဆီ ခြေလှမ်းတွေကို ဦးတည်လိုက်တယ်။

ဆိုင်ရှေ့အရောက်

'ဘယ်လိုရောင်းလဲကွယ်။'

'ဆယ်ခုကို သုံးရာ အခုနှစ်ဆယ်ငါးရာပါ။'

'ဒါဆိုလည်း ငါးရာဖိုးထည့်။'

ကိုယ့်ရှေ့မှာ တစ်ယောက်ရှိနေသေးလို့ ခဏစောင့်နေလိုက်ရတယ်။

မုန့်သည်လင်မယားရဲ့ မုန့်လုပ်နေတာကို ကြည့်ရင်း စပ်စုလိုက်တယ်။

'တစ်နေကုန် ရောင်းတာလား။'

'ဟုတ် . . . နေ့လယ်ထမင်းစားနားပြီး နှစ်နာရီဆိုပြန်ထွက်ပါတယ်။'

ကျွန်မနာရီကို ကြည့်လိုက်တော့ ညနေလေးနာရီထိုးနေပြီ။

'ညအထိ ရောင်းတာလား။'

'မုန့်ကုန်တဲ့အချိန်ပေါ့ အန်တီ။ တစ်ခါတလေ နောက်ကျတဲ့အခါလည်းရှိသလို စောတဲ့အခါလည်းရှိပါတယ်။'

'တစ်နေ့ ဘယ်လောက်ကျန်လဲ။' လို့ ထပ်မေးမိပြန်တယ်။

'စားသောက်ပြီး ခုနှစ်ထောင်၊ ရှစ်ထောင်လောက်တော့ကျန်ပါတယ်။'

'အတော်ကျန်တာပဲနော်။'

'ကျွန်တော်က ဆိုက္ကားနင်းတယ်။'

ဘေးမှဝိုင်းကူပေးနေတဲ့သူက ဝင်ဖြေလိုက်တယ်။ ဒါနဲ့ကျွန်မလည်း-

'မင်းတို့ ဘာတော်လည်းကွဲ့။'

'ကျွန်တော်တို့က လင်မယားပါ။'

စကားပြောရတာနှစ်ခြိုက်သူပီပီ ကျွန်မက ဆက်ပြီးပြောလိုက်ပြန်တယ်။

'မင်းတို့နှစ်ယောက်ပေါင်းဆိုတော့ ဝင်ငွေကကောင်းမှာပဲ။'

'မဆိုးပါဘူး။ ဒါပေမယ့် မီးနဲ့အလုပ်လုပ်နေရတာဆိုတော့ သူများတွေလိုမသက်သာဘူးပေါ့ဗျာ။'

ယောကျ်ားဖြစ်သူက ဒယ်အိုးပေါ်ရှိ ခွက်ကလေးတွေထဲ ဆီထည့်ရင်းပြန်ဖြေတယ်။

မယားဖြစ်သူက-

'ကျွန်မတို့မှာအသုံးအဖြုန်း သိပ်မရှိဘူး။ ရတဲ့ပိုက်ဆံကိုစုတယ်။'

'အေး. . . ကောင်းတယ်။ ကောင်းတယ်။ နှစ်လုံး၊ သုံးလုံးမထိုးလေနဲ့။'

'နှစ်လုံး၊ သုံးလုံးမထိုးဘူး။ လောင်းကစားလည်း ဝါသနာမပါဘူး။ ဒါပေမဲ့ အောင်ဘာလေထီတော့ တစ်လတစ်ကြိမ် မှန်မှန်ထိုးတယ်။'

'ကောင်းတာပေါ့။ အောင်ဘာလေထီထိုးတာ အန္တရာယ်လည်းကင်း၊ ကိုယ့်တိုင်းပြည်ကထီ ကိုယ့်လူမျိုးထိုးတာ ဂုဏ်ယူစရာတောင်ကောင်းသေး။'

'သမီးလေးက ခြောက်တန်းရောက်နေပြီ။ ကျူရှင်ဖိုးတွေ ကုန်ရဦးမယ်။ ခုကတည်းက စုနေရတယ်။ ကုန်ဈေးနှုန်းတွေ ဒီလောက်တက်နေတာ မလွယ်ဘူးအန်တီ။'

ယောကျ်ားဖြစ်သူကလည်း-

'ကျွန်တော်လည်း ဆိုက္ကားကရတဲ့ပိုက်ဆံကိုစုတယ်။ ဆိုက္ကားက အပိုင်ဆိုပေမယ့် အိမ်ကငှားနေရတာ အပိုင်မဝယ်နိုင်သေးဘူး။'

ကျွန်မလည်း မုန့်သည်လင်မယားရဲ့အပြောမှာ မြောပါနေမိတယ်။ ယောကျ်ားလုပ်သူက ဆက်ပြောပြန်တယ်။

'သမီးလေးအရွယ်ရောက်လာရင် အိုးပိုင်အိမ်ပိုင်လေးဖြစ်အောင်လို့ ခုကတည်းက ကြိုးစားနေရတယ် အန်တီ။'

'ကောင်းတာပေါ့ ငါ့တူ. . . ခုခေတ်ကြီးမှာ အခန်းတစ်ခန်းပိုင်ဖို့က မလွယ်ဘူးကွဲ့။'

'အိမ်ငှားခတွေကလည်း တစ်ခါစာချုပ်ရင် တစ်ခါတက်တယ်။ ခဏခဏပြောင်းနေရရင်လည်း မဖြစ်ဘူး။ သမီးမိန်းကလေး ရှိတော့ ပတ်ဝန်းကျင်ကောင်းမှဖြစ်မှာ။ အိမ်ပိုင်လေးတော့ရှိထားမှ။'

ပြောပြောဆိုဆို နဖူးမှချွေးကိုသပ်ချရင်း ဆက်ပြန်တယ်။

'ကျောင်းစရိတ်တွေ ကုန်ရဦးမှာ၊ သမီးကို ဆရာဝန်မကြီးဖြစ်စေချင်တာ။'

ပြောရင်းဆိုရင်း ယောကျ်ားဖြစ်သူက မုန့်ရည်ထည့်၊ မယားဖြစ်သူက မုန့်နှစ်ရည်ထဲကို ကြက်သွန်မိတ်နဲ့ပဲပြုတ်ကိုအသင့်ထည့်လို့ ကြိုးစားလုပ်ကိုင်နေပုံကိုကြည့်ရင်း သူတို့လင်မယားအတွက် ကျွန်မရင်ထဲမှာပီတိဖြာနေမိတယ်။

'သမီးလေးက နောက်သုံးလေးနှစ်ဆို လှချင်ပချင်တဲ့အရွယ် ရောက်လာတော့မှာ ကုန်စရာကြီးပဲ။'

'ဟုတ်တယ် အန်တီရေ ခေတ်ကြပ်ကြီးထဲ လူလာဖြစ်ရတော့ ရုန်းနေရဦးမှာ။'

'ကျွန်တော်လည်း တစ်ဖက်ကနေ တတ်နိုင်သလောက်ရှာပါတယ်။ မိန်းမနဲ့ကလေးကို အိမ်ပိုင်လေးနဲ့ထားချင်တာ။ အရင်က အရက်သောက်တယ်။ အခုတော့ ဖြတ်လိုက်ပါပြီ။'

သူတို့လေးတွေရဲ့ မြင့်မြတ်တဲ့ဆန္ဒကို တစ်ဝကြီး နားထောင်ပေးနေမိတယ်။

'ယောကျ်ား ဒယ်အိုးထဲဆီထည့်လိုက်ဦးလေ။'

မုန့်သည်လင်မယားက စကားသာပြောနေပေမယ့် မုန့်လေးတွေကိုဇွန်းလေးနဲ့ထိုးကော်လိုက် လင်ပန်းထဲပစ်ထည့်လိုက်နဲ့ သူတို့လက်တွေရဲ့ ဟန်ချက်ညီညီ လှုပ်ရှားနေပုံလေးတွေကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေမိတယ်။

မယားဖြစ်သူက-

'မွေးထားတာက သမီးမိန်းကလေးဆိုတော့ ပညာလေးတတ်ထားမှ ကျွန်မတို့လို လမ်းဘေးဈေးသည်မဖြစ်မှာ။'

သူတို့လင်မယားရဲ့ မိဘပီသတဲ့စိတ်ကိုသိလိုက်ရတဲ့ ကျွန်မ မချီးကျူးဘဲမနေနိုင်လောက်အောင်ဖြစ်သွားရတယ်။

'မင်းတို့ရဲ့စိတ်ဓာတ်တွေကို အန်တီချီးကျူးတယ်ကွယ်။ မင်းတို့နဲ့အခုလိုစကားပြောရတာ တန်ဖိုးရှိလိုက်တာ။'

'ရေနွေးကြမ်းသောက်ပါဦး အန်တီ။ လက်ဖက်ခြောက်ကတော့ အကောင်းစားမဟုတ်ဘူး။ အသင့်အတင့်ပေါ့။'

'ရပါတယ်။ ရိုးသားတဲ့ ရေနွေးကြမ်းက သောက်ကောင်းပါတယ်ကွယ်။'

ရေနွေးခွက်ကိုကိုင်ရန် ထီးကိုလင်ပန်းဘေးနားက လွတ်တဲ့နေရာမှာချထားရင်း-

'အန်တီက မေ့တတ်တယ်။ ပြန်ခါနီးထီးယူဖို့ သတိပေးနော်။'

'စိတ်ချအန်တီ၊ သမီးတို့ဆီမှာ ဘာပစ္စည်းကျန်ကျန် အကုန်ပြန်ပေးတယ်။ ဟိုတလောကတောင် နိုင်ငံခြားသားတစ်ယောက် မုန့်လာဝယ်ရင်း သူ့ဖုန်းကျန်ခဲ့တာ ယောကျ်ားကို အပြေးလိုက်ပေးခိုင်းရတယ်။ နိုင်ငံခြားသားကြီးက ဝမ်းသာလွန်းလို့ ဒေါ်လာ ၅ ရွက်ထုတ်ပေးတာသူက မယူလာဘူး။'

'ကျွန်တော်က သူများဆီက အလကားရတဲ့ပိုက်ဆံကို မနှစ်သက်ဘူးအန်တီ။'

'လေးစားပါတယ်ကွယ်။'

'ဆိုက္ကားနင်းလို့ရတဲ့ ပိုက်ဆံကိုစုတယ်။ မုန့်ကရတဲ့ပိုက်ဆံနဲ့ ရအောင်သုံးတယ်။ ချွေတာစားတယ်။ အဝတ်အစားကိုလိုအပ်မှ ဝယ်ဝတ်တယ်။ အကြွေးကင်းအောင်နေတယ်။ သာရေး၊ နာရေးအတွက်ကတော့ တနိုင်ထည့်တယ်။ အလှူကြီးတော့ မလုပ်နိုင်သေးဘူးအန်တီရေ။ ထီပေါက်ရင်ကောင်းမယ်။'

ပြောပြောဆိုဆိုတစ်ဆက်တည်း-

'ကဲမိန်းမရေ အဘွားကိုဆေးခန်းသွားပို့ပေးလိုက်ဦးမယ်။'

'သမီးတို့က အဘွားနဲ့နေကြတာလား။'

ဟု စပ်စုလိုက်မိပါတယ်။

'မဟုတ်ဘူးအန်တီ သမီးတို့ရဲ့အိမ်ရှင်ပါ။ သူ့မှာ သားသမီးတွေရှိတယ်။ ဘယ်သူမှ ဆေးခန်းမပို့ပေးကြဘူး။ မအားလို့တဲ့ အဲဒါကို အိမ်ကယောကျ်ားကသနားလို့ ပို့ပေးနေရတာ။'

'ကုသိုလ်ရတာပေါ့ကွယ်. . . သာဓု သာဓု သာဓု။'

စုန်ရေကိုသာသောက်ပြီး ဆန်တက်မလာတဲ့ သားသမီးရဲ့မေတ္တာကိုမျှော်နေတဲ့ အိမ်ရှင်အဘွားကို စာနာသနားသွားမိပြန်တယ်။

'အန်တီမုန့်ရပြီ၊ တစ်ခုပိုထည့်ပေးလိုက်တယ်။ နောက်ကြုံလည်း အားပေးပါနော်။'

'အန်တီဖြင့် သမီးတို့လင်မယားနဲ့စကားပြောရတာ မုန့်ကိုတောင်မေ့နေတယ်။ ကြိုးစားကြ. . . ကြိုးစားကြ။ တစ်နေ့ကျရင်

**စာမျက်နှာ ၇ သို့ -**

# ဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်မည်

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကပကျေးရွာအုပ်စု၊ လင်မလိုကျေးရွာအနီးတွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော်ကုန်ကျမည့် ဓာတ်ငွေ့ရည်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်နှင့် ကိုရီးယားနိုင်ငံမှ KMPI Consortium ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဓာတ်ငွေ့ရည်သုံး (Liquid Natural Gas) လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၅၆၀ ဖြင့် ငါးနှစ်စီမံကိန်းအဖြစ်လျာထားပြီး မြေဧက ၇၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးပါက ပထမအဆင့်အနေဖြင့် ကျွန်းစုမြို့သို့ ၅၀ မဂ္ဂါဝပ်၊ ပထော်ကျွန်းသို့ ၃၀ မဂ္ဂါဝပ်၊ မြိတ်မြို့သို့ ၇၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးခြင်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်အားခတစ်ယူနစ်လျှင် ၁၅၀ ကျပ်ဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှသိရသည်။

**လေးမောင်မောင်**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော် လဟယ်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရိုးရာယဉ်ကျေးမှုဓလေ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးရုံးမှသိရသည်။

၎င်းပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ရာ ရိုးရာအကများ၊ ရိုးရာအစားအသောက်များ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများကို ထုတ်ဖော်သွားမည်ဖြစ်ကြောင်းသိရသည်။ နာဂနှစ်သစ်ကူးပွဲတော်ကို နာဂယဉ်ကျေးမှုကော်မတီကသတ်သတ်၊ ဦးစီးအဖွဲ့ကသတ်သတ်ကျင်းပလေ့ရှိသော်လည်း ယခုနှစ်မှာ ပူးပေါင်းကျင်းပမှာဖြစ်သည်။ နာဂနှစ်သစ်ကူးပွဲဆိုတာ နာဂတိုင်းရင်းသားတွေရဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်သလို ရိုးရာအစားအသောက်တွေနဲ့ ဧည့်ခံကာ ရိုးရာကိုလည်းဖော်ထုတ်ပြီးတော့ နှစ်သစ်ကူးအနေနဲ့လည်း တန်ဖိုးထားကျင်းပလာကြခြင်းဖြစ်သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲကို ကျင်းပမှာဖြစ်ပြီး ၁၅ ရက်နေ့မှာတော့ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ကျင်းပကာ ၁၆ ရက်နေ့မှာ ရိုးရာအကများဖြင့် ဖျော်ဖြေပွဲများကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ နာဂတိုင်းရင်းသားတွေမှာ ရိုးရာပြက္ခဒိန်ရယ်လို့ မရှိပါဘူး။ အနီးစပ်ဆုံးနှစ်တွေကို တွက်ချက်ပြီးတော့ ဇန်နဝါရီလ ၁၅ ရက်နေ့ကို နှစ်သစ်ကူးနေ့အဖြစ်သတ်မှတ်တာပါ။ ဒီနှစ်က ဗဟိုယဉ်ကျေးမှုကော်မတီက ဦးစီးပြီး ကျင်းပမယ်လို့သိရတယ်။ အဆိုပါပွဲတော်တွင် ရိုးရာအစားအသောက်များ၊ အဝတ်အစားများ၊ ရိုးရာအကများကို ဖော်ထုတ်သွားမည့်အပြင် နာဂတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကြည် (ရွှေဘို)**

# တရားမဝင်ကုန်စည်ဖမ်းဆီးမှု ကျပ်သိန်း ၄,၆၀၀ ခန့်ရှိ

အစိုးရသစ်လက်ထက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ တရားမဝင်ကုန်ပစ္စည်း တားဆီးဖမ်းဆီးမှု ၅၀၀ ကျော်ရှိပြီး တန်ဖိုးကျပ်သန်း ၄,၆၀၀ခန့်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှသိရသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလမှစတင်ပြီး လေဆိပ်၊ ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံများနှင့် နယ်စပ်လမ်းကြောင်းများတွင် အထူးကင်းအဖွဲ့များဖွဲ့စည်းပြီး တရားမဝင်ကုန်ပစ္စည်းများကို ရှောင်တခင်စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ပထမစီမံချက်အနေဖြင့် မြစ်ကြီးနားမြို့ရှိ ဗလမင်းထင်တံတားတွင် စစ်ဆေးရေးဂိတ်များ ထပ်မံဖွင့်ခြင်း၊ ကျောက်ထုတ်တွင်စခန်းများ ထပ်မံတိုးချဲ့ခြင်းပြုလုပ်နေသည်။ ဒုတိယစီမံချက်တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့အတွက် ခွင့်ပြုပြီးဖြစ်သောကြောင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အကူအညီများနှင့်ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးရေး စခန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အထူးကင်းအဖွဲ့များက ဖမ်းဆီးရမှု ၂၆ မှုနှင့် ကားအစီးရေ ၂၆ စီးဖမ်းဆီးခဲ့သည်။ စုစုပေါင်း ကုန်ပစ္စည်းတန်ဖိုး ငွေကျပ် ၇၂,၀၃၃ သိန်းခန့်ရှိပြီး ယာဉ်တန်ဖိုး ကျပ်သိန်း ၇၈,၈၈၀ ခန့်ရှိကြောင်း သိရသည်။

**ဆွေဝင်းမောင်**

**စာမျက်နှာ ၆ မှ -**

ဆန္ဒတွေပြည့်လာမှာပါကွယ်။ ပြန်လိုက်ဦးမယ်နော်’

ကျွန်မလည်း မုန့်ဆိုင်လေးမှထွက်ခွာလာခဲ့တယ်။ မုန့်လင်မယားရောင်းနေတဲ့ ဇနီးမောင်နှံရဲ့ရိုးသားမြင့်မြတ်လှတဲ့ ရင်တွင်းစကားသံလေးတွေကို သူတို့လိုဘဝတူချင်းတွေကို ကြားသိစေချင်တယ်။

တစ်နေ့လုပ်တစ်နေ့စားလူတန်းစားတွေ အများကြီးရှိကြတဲ့ဒီလောကကြီးမှာ သူတို့လင်မယားလိုစိတ်ဓာတ်မျိုးကို အတုယူစေချင်တဲ့ဆန္ဒတွေ ကျွန်မရင်ထဲမှာတစိမ့်စိမ့်ပေါက်ဖွားနေမိတယ်။

ဒီလိုသာကြိုးစားကြမယ်ဆိုရင် ဆင်းရဲတွင်းက လွတ်မြောက်ကြမှာအမှန်ပါ။

ဘဝကိုအားမငယ်ဘဲ ကျရာနေရာမှာ ကြိုးစားလုပ်ကိုင်ရင်း တက်ညီလက်ညီ၊ စိတ်တူကိုယ်တူနဲ့ ဘဝလှေကိုလှော်ခတ်နေသော မုန့်သည်လင်မယားရဲ့ ‘ရိုးရိုးကျင့် မြင့်မြင့်ကြံ’ ပြီး လောကကြီးကိုစိန်ခေါ်နေတာကတော့ ဘဝသားအားလုံးအတွက် အတုယူအားကျစရာလို့ ဆိုလိုက်ချင်ပါတော့တယ်ရှင်။



# မြင့်မိုရ်သို့ ဦးခိုက်မိခြင်း

မြင့်မြတ်အောင်မြင်

ဇရာထောင်း အိုညောင်းရင့်ညှိုး
မိခင်အိုကား အားအင်ချို့ယွင်း
မျက်ရိုးတွင်းနက် ပါးအခွက်နှင့်
တွန့်လျက်ပိန်လှီ ခါးကိုင်းပြီလေ
ဟန်ချီမထ လှုပ်လောကမှ
စွန့်ရခွဲခွါ ချိန်မကြာပြီ
ဇရာဆိုသော သဘောတည်း။
သို့တမင့်လည်း အခွင့်ရခိုက်
သားအမိုက်ကို စရိုက်ပြင်ပါ
ဆုံးမရှာသေး မေတ္တာရေးရှု
ဂရုလေးနက် ချစ်မပျက်ခဲ့
အမျက်မထား သားမှသားတည့်
စီးပွားစည်းစိမ် ဂုဏ်ရှိန်မြင့်မား
ဆုများတောင်းခြွေ အို ..... အမေ။
ငါငယ်ရွယ်စဉ် တေးဆိုသင်ပြ
ပဲ့ပြင်ဆုံးမ လူလုံးလှစေ
ကြိုးစားလေရှာ မြင့်တင်လာလည်း
ပညာမဲ့ကြီး ကောင်းကျိုးနည်းခဲ့
ရှာမှီးဉစ္စာ မိမာတာကို
ကြင်နာနှုတ်ရေး ငါမတွေးခဲ့
ဖွေရှာလုပ်ကျွေး ငါမပေးခဲ့။
လူ့ရေးအိမ်ထောင် ပြုကာဆောင်တော့
နောင်ရင်သွေးရ မြေးအလှဖြာ
သားမှာအချစ် မြေးအနှစ်ပြောင်း
ထိန်းကျောင်းပြုပြင် နေ့စဉ်မြဲလို့
ကုသိုလ်အရေး သူမတွေးခဲ့
မေတ္တာထွေးယှက် မြေးကိုဖက်ခဲ့။
နေ့ရက်တွေလွန် ဇရာကျံပြီ
အမွန်မိခင် ကျေးဇူးရှင်ကို
ပီပြင်စောင့်မ ငါမရခဲ့
သားလှမိုက်သူ ငါလိုလူကြောင့်
အပူလုံးကြွ ရုပ်မလှဘဲ
ဘဝယွင်းယို မိခင်အိုကား
စဉ်မအားမှို့ တရားမလုပ်
အတ္တနှုတ်ဖယ် သားတွက်ရည်ရွယ်ဆဲ
ဆင့်ကဲမြင့်မိုရ် မိခင်အိုသို့
ကြည်ညိုထူးဘိ ကျေးဇူးသိမှတ်
ဘယ်သို့ဆပ်မည်
ရင်မှတ်သည်းနှင့်ရခဲ့တကား.....။

# ပို၍သစ်သော မနက်ဖြန်




စာကြည့်စားပွဲပေါ်တင်ထားတဲ့ ပြက္ခဒိန်ကိုလှမ်းကြည့်မိရာက သြော် . . . ဘာလိုလိုနဲ့ ခရစ်နှစ်တစ်နှစ် ကုန်ဦးတော့မည်ဆိုတဲ့ အတွေးကိုတွေးဖြစ်လာတယ်။ အချိန်တွေက အကုန်မြန်သလိုပဲ ရက်တွေတိုများလာလေသလား။ တစ်နေ့မှာ ၂၄ နာရီရော ရှိသေးရဲ့လား။ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေကကုန်သွားလိုက်တာ။ ကိုယ်တောင်အစိုးရဝန်ထမ်းဘဝမှာ လုပ်သက် ၁၀ နှစ် ကျော်လာပြီလေ။ ဒါကြောင့်မို့ 'Time is flying' လို့ ပြောတာနေမှာ။

ကိုယ်တွေနဲ့ သက်တူရွယ်တူတွေကြားထဲမှာနေရင်တော့ မသိသာလှပေမယ့် ကိုယ်ထက်ငယ်တဲ့ကလေးတွေ ကိုယ့်ရှေ့မှာပဲ အလုပ်တွေဝင်ကြ၊ အလုပ်ထဲမှာပဲ ဘဝလက်တွဲဖော်ရှာကြနဲ့ သူတို့လေးတွေရဲ့ကလေးတွေတောင် ကျောင်းစနေတဲ့အရွယ်ရောက်ပြီလေ။ သူတို့လေးတွေကိုကြည့်မိမှပဲ ကိုယ်သာတစ်ကိုယ်တည်းနဲ့ အန်တီအရွယ်ရောက်လာပါပြီလားရယ်လို့ သတိထားမိတယ်။ ကုန်ဆုံးသွားခဲ့ရတဲ့အချိန်တွေနဲ့အတူ ပျော်ရွှင်စရာနေ့လေးတွေရှိခဲ့သလို ဝမ်းနည်းစရာနေ့တွေလည်း အများကြီးရှိခဲ့ပါတယ်။ ရည်မှန်းချက်တွေကို စိတ်ကူးယဉ်ရင်း ပျော်ရွှင်ခဲ့ရသလို၊ ရည်မှန်းချက်တွေမဖြစ်ခဲ့လို့ ကိုယ့်ဘဝရဲ့ကံပဲလေလို့ ဖြေသိမ့်ခဲ့ရတဲ့နေ့ရက်တွေလည်း မနည်းပါဘူး။ ငါဟာ အပြည့်အဝပျော်ရဲ့လား။ ဒါဟာလည်းသိပ်တော့ မသေချာလှပါဘူး။

ကိုယ်ဖြတ်သန်းခဲ့ရတဲ့နှစ်တွေကို ပြန်ကြည့်တဲ့အခါ လုပ်ခဲ့တဲ့အလုပ်တွေကရော ဓမ္မဖြစ်နေမှာလား။ ပြန်တွေးကြည့်ဖြစ်တော့ ကိုယ်လုပ်ခဲ့တဲ့အလုပ်တွေအပေါ် ကျေနပ်မိတာလေးတွေရှိသလို၊ မကျေနပ်တာတွေလည်း အများကြီးရယ်ပါ။ ဒါကိုပဲ နောင်တလို့ခေါ်ရမယ်ထင်ပါတယ်။ လူရယ်လို့ဖြစ်လာရင်လည်း လုပ်သင့်တာကိုမလုပ်မိတဲ့ နောင်တ၊ မလုပ်သင့်တာကို လုပ်မိတဲ့နောင်တရယ်လို့ ရှိနေကြမှာပါပဲ။

မိဘတွေ သက်ရှိထင်ရှားရှိနေစဉ်မှာ မလုပ်ကျွေးလိုက်ရတဲ့နောင်တ၊ သေခါနီးမှာ ကိုယ့်ဘဝရဲ့တကယ့်အနာတွေကို မရှုပွားမိခဲ့လို့ဖြစ်တဲ့နောင်တ၊ အချိန်အခါအရွယ်ရှိတုန်းမှာပညာ၊ ပစ္စည်းဥစ္စာတွေမရှာဘဲ သုံးလိုက်ဖြုန်းလိုက်၊ ပျော်လိုက်ပါးလိုက်၊ မော်လိုက်ကြွားလိုက်နဲ့ ဘဝရဲ့နေဝင်ချိန်ရောက်ခါကျမှ ကိုယ့်ရဲ့လုပ်ရပ်တွေအတွက်ရတဲ့ နောင်တစသဖြင့်လူသားတွေမှာ နောင်တတွေကတော့ အမျိုးမျိုးရှိတတ်ကြပါတယ်။ နောင်တတရားဟာ ဘယ်တစ်ဦးတစ်ယောက်အတွက်မှ ကောင်းကျိုးမပေးနိုင်သလို ဘဝတစ်သက်စာမှာ ကြေကွဲဝမ်းနည်းမှုတွေကိုရရှိစေမှာပါပဲ။

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းကပြောဖူးတယ်။ 'ကျုပ် ၉၉ ရာခိုင်နှုန်းမှားခဲ့တယ်' တဲ့။ အသေအချာတွက်ချက် တွေးခေါ်ကြံဆတတ်တဲ့ အိုင်စတိုင်းတောင် ရာနှုန်းပြည့်နီးပါးမှားခဲ့သေးရင် ကျန်တဲ့သာမန်လူတွေမှာဘယ်မျှမှားမယ်ဆိုတာ မတွေးရဲစရာပါပဲ။ ပြက္ခဒိန်နဲ့သက်ဆိုင်နေတဲ့ ဂျဲနပ်စ် (Janus) ရောမနတ်ကို ရောမမြို့သားတွေက တံခါးစောင့်နတ်အဖြစ် သတ်မှတ်အလေးထားကြတယ်။ ဂျဲနပ်စ်ဟာ ကောင်းကင်ဘုံတံခါးကိုလည်း စောင့်တယ်။ နှစ်သစ် New Year ရဲ့အဝင်ဝ Gateway ကိုလည်း စောင့်တယ်လို့ယုံကြတယ်။ နှစ်သစ်အဝင်ဝကို စောင့်တယ်ဆိုတဲ့ ဂျဲနပ်စ် (Janus) ကိုအစွဲပြုပြီး နှစ်သစ်ရဲ့ ပထမလကို January (ဇန်နဝါရီ) လို့ခေါ်ကြတယ်လို့ အဆိုရှိကြပါတယ်။ အဲဒီ ဂျဲနပ်စ်မှာ မျက်နှာ ၂ ခုရှိတယ်။ ဦးခေါင်းရဲ့နောက်မှာ မျက်နှာတစ်ခု၊ ဦးခေါင်းရဲ့ရှေ့မှာ မျက်နှာတစ်ခုရှိတဲ့ နှစ်မျက်နှာပိုင်နတ်ပါ။ နောက်မျက်နှာက အတိတ်နှစ်ဟောင်းကို ပြန်လည်သုံးသပ်ဖို့ဖြစ်ပြီး ရှေ့မျက်နှာကတော့ အနာဂတ်ကိုရင်ဆိုင်ဖို့ဖြစ်တယ်တဲ့။ အဲဒီလိုပါပဲ လူသားတွေလူ့ဘဝခရီးကိုသွားလာရာမှာ နှစ်ဟောင်းကဖြစ်ခဲ့တဲ့အဖြစ်တွေကို ပြန်လည်သုံးသပ်ပြီး အမှန်ပြင်ဖို့လိုသလို အနာဂတ်ကိုအကောင်းဆုံးဖြစ်အောင် ဘယ်လိုအနေအထားနဲ့ ရင်ဆိုင်မလဲဆိုတာ တွေးတောဆုံးဖြတ်ဖို့လိုပါတယ်။ ဒါမှလည်း မိမိဘဝအနာဂတ် လှမှာဖြစ်သလို၊ မိမိနဲ့ဆက်စပ်ပတ်သက်နေတဲ့ ပတ်ဝန်းကျင်ရဲ့ အနာဂတ်တွေလည်း လှမှာပါ။

ကဗျာဆရာကြီး မင်းသုဝဏ်က လူတိုင်းနဲ့သက်ဆိုင်တဲ့ သတိပြုသံဝေဂယူစရာကဗျာလေးတစ်ပုဒ်ကို ရေးခဲ့ဖူးပါတယ်။

**'ကြံမိများ၍**
**တရားနောင်တ နေခြည်ပသို့**
**ရခဲ့သည်လည်း များခဲ့ပြီ၊**
**ဆိုမိများ၍**
**တရားနောင်တ နေခြည်ပသို့**
**ရခဲ့သည်လည်း များခဲ့ပြီ၊**
**ပြုမိများ၍**
**တရားနောင်တ နေခြည်ပသို့**
**ရခဲ့သည်လည်း များခဲ့ပြီ၊**
**နောင်တကင်းရာ မြတ်ချမ်းသာကို**
**ငါလျှင်ဘယ်နဲ့ ရပါအံ့ဟု**
**မျှော်ငုံ့ခိုက်တွင် နေမင်းဝင်သည်**
**မှောင်တွင်စမ်း၍ လှမ်းရသော်။'**

လူ့ဘဝခရီးကို ဖြတ်သန်းရတဲ့အခါ မိဘနဲ့ဖြစ်စေ၊ ဆွေမျိုးသားချင်းပတ်ဝန်းကျင်အတွက်ဖြစ်စေ၊ ကိုယ့်တိုင်းပြည်အတွက်ဖြစ်စေ၊ ကိုယ်လုပ်ပေးနိုင်စွမ်းရှိတာကို အချိန်ရှိတုန်း၊ လုပ်ပေးနိုင်တုန်း၊ စွမ်းဆောင်နိုင်တုန်းမှာ လုပ်ပေးဖို့လိုအပ်ပါတယ်။ အဲဒီလိုအချိန်မီ မလုပ်ပေးနိုင်ခဲ့ဘဲ နောက်ကျသွားရင်တော့ နောင်တတွေတစ်လှေကြီးနဲ့ဘဝကိုနိဂုံးချုပ်ရရင် လူ့ဘဝကြီးဟာ တကယ်ကြေကွဲစရာကောင်းမှာပဲ။

ဒဿနပညာရှင်ကြီး ဟေကယ် (Hegal) က 'panic of error is the death of progress' 'အမှားကိုကြောက်ခြင်း၊ မှားမှာကိုကြောက်နေခြင်းဟာ အောင်မြင်မှုသေဆုံးရပ်ဆိုင်းသွားခြင်းပဲ' တဲ့။ လူတစ်ယောက်ဟာ ကိုယ့်ရဲ့စိတ်ထဲမှာ မှားခဲ့တာတွေ၊ မှားခဲ့မှုကြောင့် ဆုံးရှုံးနစ်နာမှုတွေကို တွေးကြောက်ပြီးအားငယ်နေရင်တော့ ရှေ့ဆက်အနာဂတ်ခရီးမှာ လျှောက်လှမ်းဖို့အားပျော့နေနိုင်ပါတယ်။ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဘာတွေပဲဖြစ်နေဖြစ်နေ မှားခဲ့မိတာတွေကို နောင်မမှားရအောင် ပြုပြင်တည်ဆောက်ရင်းပဲ ရှေ့ဆက်သွားရမှာပါပဲ။

ဟိုးအဝေးတောင်ထွတ်ဖျားပေါ်က ထွက်ပေါ်လာတော့မယ့် နေမင်းကြီးရဲ့အောက်မှာ ဒီနေ့တစ်နေ့တာအတွက် မှားခဲ့တာတွေပြင်ဆင်ရင်း နောင်တရစရာတွေကင်းဝေးအောင်အတတ်နိုင်ဆုံး အားသွန်ခွန်စိုက်ကြိုးပမ်းရမှာပါပဲ။ တစ်နေ့ချင်းစာမှာ နောင်တရစရာမရှိအောင် ကြိုးစားထားတဲ့လူတစ်ယောက်ဟာ ဘဝတစ်သက်စာမှာလည်း နောင်တရစရာ ကြီးကြီးမားမား ရှိမလာနိုင်တော့ပါဘူး။ ပြီးခဲ့တဲ့နှစ်မှာ ကိုယ်ဘာတွေမှားခဲ့လဲ သုံးသပ်ပြီး သူများတွေမှားခဲ့တာတွေကိုလည်း လှမ်းကြည့်သင်ခန်းစာယူသင့်တယ်ယူပြီး ၂၀၁၇ ခုနှစ် နှစ်သစ်မှာလူ့လောကအတွက် အသုံးဝင်အကျိုးပြုတဲ့ လူသားရတနာတွေဖြစ်ပါစေလို့ ဆုတောင်းရင်းနဲ့ . . . . .။

**ဟန်နီဇော်**

## အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် အားကစားပြိုင်ပွဲများကျင်းပ



အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ဒီဇင်ဘာလအားကစားပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာလ ၁၂ ရက်နေ့၊ နံနက် ၈ နာရီတွင် စက်ရုံမှူး ဦးကျော်ထွန်းကကြီးမှူးဖွင့်လှစ်ပေးခဲ့ပြီး အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလျက်ရှိကြောင်းသိရသည်။

# အာရောဂျတံခွန်မျက်စိခွဲစိတ်ဆောင် ဝါးခယ်မမြို့ ကွမ်းခြံကုန်းကျောင်းတိုက်၌ ဖွင့်လှစ်

ရွှေရတုတိပိဋကအာရောဂျတံခွန်ကုသိုလ်ဖြစ် မျက်စိခွဲစိတ်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်း၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ကွမ်းခြံကုန်းကျောင်းတိုက်၌ ဒီဇင်ဘာလ ၁၁ ရက်နေ့၊ နံနက် ၉ နာရီတွင်ကျင်းပသည်။




ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာရှိ ရွှေရတုတိပိဋက စက္ခုပါလမျက်စိဆေးရုံပဓာနနာယက ဆရာတော်တိပိဋကကောဝိဒမဇ္ဈိမဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ဝါးခယ်မမြို့နယ်၊ ကွမ်းခြံကုန်းကျောင်းတိုက်ဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တခေမာစာရ၊ နီပေါနိုင်ငံမှ မျက်စိပါရဂူကြီး ဘိဒိယပန်ထ်နှင့်ဩစတြေးလျနိုင်ငံမှ မျက်စိဆရာဝန် ဒေါက်တာဂျက်တို့တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ရွှေရတုတိပိဋက အာရောဂျတံခွန်ကုသိုလ်ဖြစ်မျက်စိဆေးရုံတွင် ဒီဇင်ဘာလ ၆ ရက်နေ့မှစတင်၍ ဝါးခယ်မ၊ မြောင်းမြ၊ အိမ်မဲ၊ ပန်းတနော်မြို့နယ်များမှ မျက်စိလူနာ ၈၀၀ ဦးခန့်အားစမ်းသပ်စစ်ဆေးပေးခဲ့ပြီး ဒီဇင်ဘာလ ၁၁ ရက်နေ့အထိ မျက်စိဝေဒနာရှင် ၂၀၀ ဦးခန့်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

'မျက်စိဝေဒနာရှင်အများဆုံးရင်ဆိုင်နေရတာက အတွင်းတိမ်ဖြစ်တာပါ။ ဒါကလည်း မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအများစု ဖြစ်ပွားနေခြင်းဖြစ်ပါတယ်။ ရာခိုင်နှုန်း ၅၀ အထက်မှာရှိပါတယ်။ ကျန်တဲ့ ၅၀ ရာခိုင်နှုန်းက ရေတိမ်၊ မျက်သားတက်တာတွေလောက်ပဲ ဖြစ်ကြတာကိုတွေ့ရပါတယ်' ဟုရွှေရတုတိပိဋကအာရောဂျတံခွန်မျက်စိဆေးခန်းတွင် ကုသိုလ်ဖြစ်မျက်စိခွဲစိတ်ပေးခဲ့သည့် နီပေါမျက်စိပါရဂူကြီး ဘိဒီယပန်ထ်က မီဒီယာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**KMC**

## ဋီကာကြေးပိဋကတ်တော်အလှူရှင်များ

ဋီကာကြေးပိဋကတ်တော် ၈ျပ်ရေ (၆၀၀၀)ခန့်ကျန်ရှိနေပါသေး သဖြင့် လှူဒါန်းကြပါရန် သာသနာ့အကျိုးမျော်ခိုး၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်၊

ဒီဃနိကာယ ၊ မဟာဝဂ္ဂဋီကာ အလှူရှင်များ

| | | |
|---|---|---|
| ဦးစိန်ဝှက် + ဒေါ်ဝင်းဝင်းခိုင်။ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်။ | ၁ချပ် | ၂၆၀၀၀ |
| ကိုညဏ်လင်း + မပန်းငုဇွန်၊ သား မောင်ညဏ်ထူးဆက်။ သန်လျင်။ | ၁ချပ် | ၂၆၀၀၀ |
| ကိုချမ်းမြေ့အောင် + မခင်သူဇာလွင် မိသားစု။ ထန်းပင်ကုန်း၊ သန်လျင်။ | ၁ချပ် | ၂၆၀၀၀ |
| ကိုငြိမ်းချမ်း + မဆုမွန်လှိုင် မိသားစု။ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်။ | ၁ချပ် | ၂၆၀၀၀ |
| (ဦးစောဦး) + ဒေါ်သန္တာစော မိသားစု။မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်။ | ၁ချပ် | ၂၆၀၀၀ |
| ဒေါ်ဦးလှခင် နှင့် မိသားစု။၄၈-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ | ၂ချပ် | ၅၂၀၀၀ |
| ဦးသင်းမောင် + ဒေါ်ခင်ခင်မြင့်မိသားစု၊ရန်အောင်လမ်းသွယ်၁၊ရန်ကင်း | ၂ချပ် | ၅၂၀၀၀ |
| ဦးသင်းမောင် + ဒေါ်ခင်ခင်မြင့်၊သမီးကြီးနှင့်တူလေး။ရန်ကင်းမြို့နယ်။ | ၁ချပ် | ၂၆၀၀၀ |
| ဦးတင်လုံး + ဒေါ်အေးမြင့် မိသားစု။ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ | ၁ချပ် | ၂၆၀၀၀ |
| ကိုဇော်မျိုးအေး + မမြတ်မျိုးမြင့် မင်္ဂလာနှစ်ပတ်လည်။မဟာမြိုင်အိမ်ရာ။ | ၁ချပ် | ၂၆၀၀၀ |
| ဒေါ်စောယဉ် (၉၂)နှစ်ပြည့်မွေးနေ့။ ပင်ရွှေညောင်လမ်း၊ တာမွေ။ | ၂ချပ် | ၅၂၀၀၀ |

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းဟော့ပေါ့ရှေ့)၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

# ကုန်သွယ်ဖက်ဆိပ်ကမ်းများ၌ ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့ ထားရှိမည်



မြန်မာနိုင်ငံသို့ တင်သွင်းသည့် ကုန်ပစ္စည်းများကို အရည်အသွေးစစ်ဆေးရန် ကုန်သွယ်ဖက်နိုင်ငံများ၏ဆိပ်ကမ်းများ၌ စစ်ဆေးရေးအဖွဲ့များ (Inspection Team) ကိုလာမည့်နှစ်အတွင်း စတင်ထားရှိရန်စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများကို တင်သွင်းခွင့်ပါမစ်ပါအချက်အလက်အတိုင်း ကိုက်ညီမှုရှိ၊ မရှိကို ပြည်ပကုန်သွယ်ဖက်နိုင်ငံများမှစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမည်ဖြစ်ပြီး ယာဉ်တင်သွင်းမှုအပိုင်းကို ဦးစွာဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ပဆိပ်ကမ်းများ၌ တင်သွင်းကုန်များကို စစ်ဆေးရခြင်းမှာ ပြည်တွင်းမှ တချို့ကုန်စည်တင်သွင်းသူများသည် တင်သွင်းခွင့်ပါမစ်ပါကုန်စည်များကို ဆိပ်ကမ်းအတွင်း ပြုပြင်ပြီးမှသာ ကုန်စည်ပို့ဆောင်ခြင်းကိုပြုလုပ်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံကပေးသည့် ကုန်သွယ်မှုဆိုင်ရာအထူးအခွင့်အရေးတွင် ပို့ကုန်အမည် ၅,၀၀၀ နီးပါး အခွန်ကင်းလွတ်ခွင့်ရရှိမှု အကျိုးအမြတ်ကို အပြည့်အဝရရှိစေရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်အရည်အသွေးပိုင်းကို အလေးပေးထိန်းသိမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ **အောင်သာဝေ**

# အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးအစီအစဉ်များ ရှင်းလင်းဆွေးနွေး




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် အမေရိကန်ပြည်ထောင်စု USAID-Funded Private Sector Development Activity တို့ပူးပေါင်း၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအတွက်ရည်ရွယ်သည့် အမေရိကန်ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP) အစီအစဉ်များ ရှင်းလင်းပွဲကို ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မန္တလေးမြို့ရှိ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ အမေရိကန်သံရုံးနှင့် USAID မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းကအဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက အသင်း၏ဆောင်ရွက်ချက်များ၊ အာဆီယံနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် အမေရိကန်သံရုံး စီးပွားရေးဌာနမှ Mr. Suzanne Yountchi က အမေရိကန်နိုင်ငံ၏ အထူးအခွင့်အရေးဖြင့် အကောက်ခွန်သက်သာခွင့်ပေးသည့် (GSP) အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမေရိကန်ပြည်ထောင်စု ကုန်သွယ်မြှင့်တင်ရေးဌာနမှ Erland Herfindahl နှင့် USAID-Funded Private Sector Development မှ Michael Blaeley တို့က ကုန်သွယ်မှုဆိုင်ရာအထူးအခွင့်အရေးများအား ရှင်းလင်းပြောကြားသည်။ အမေရိကန်နိုင်ငံသည် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးဖြစ်သည့် GSP အစီအစဉ်ကို ၁၉၈၉ ခုနှစ်တွင်ယာယီပိတ်ခဲ့ပြီး ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ စတင်ပြန်လည်ခံစားခွင့်ပြုခဲ့သည်။ အမေရိကန်ကုမ္ပဏီများက မြန်မာနိုင်ငံမှရေထွက်ပစ္စည်းများ၊ ကော်ဖီစေ့များ၊ ပျားရည်၊ သစ်သီးနှင့်အသီးအရွက်များကို တင်သွင်းခဲ့ကြသည်။ နောင်အနာဂတ်တွင် မြန်မာနိုင်ငံအနေဖြင့် GSP အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံသို့ များစွာသောကုန်ပစ္စည်းများ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# လူအခြေခံကို အခြေခံပါရန်



စိမ်းစိုဦး

ဘယ်အကြောင်းအရာ၊ ဘယ်အရေးကိစ္စ၊ ဘယ်လုပ်ငန်းကိုင်ငန်းမျိုးတွင်မဆို အခြေခံကောင်းကိုအခြေခံထားတတ်၊ တွေးခေါ်တတ်၊ သိမြင်တတ်၊ တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။ ထိုအခြေခံကောင်းတွင် အခြေခံတတ်ရေးမှာ လွယ်လွယ်ကြောင်းကြောင်းမဟုတ်ချေ။

အသိအမြင်မှန်၊ ဉာဏ်အမြော်အမြင်နှင့်တွေးခေါ်ကြံဆတတ်ပါမှ တော်တည့်မှန်ကန်သော အခြေခံကောင်းပေါ်တွင် အခြေခံမိ၊ အခြေတည်မိမည်ဖြစ်ပါသည်။

'အမြတ်လိုချင်လို့ ဈေးရောင်းတာ' ဆိုလျှင် အခြေခံကောင်းပေါ်တွင်အခြေခံမှု မဖြစ်နိုင်ချေ။ ဝယ်သူကို စီးပိုးရာရောက်သွားပါမည်။ မျှတမှုမရှိတော့ချေ။ ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်အပြန်အလှန် သူ့အကျိုး၊ ကိုယ့်အကျိုး ကြည့်တတ်ပါမှ အခြေခံကောင်းအပေါ် အခြေခံရာရောက်ပါမည်။

'အမြတ်များများလိုချင်ရင် ဓါးပြတိုက်ကွာ' ဟုဂွတိုက်ကတ်ဖဲ့ပြော၊ ထော်လော်ကန့်လန့်လုပ်လျှင် မည်သို့ပြန်လည်ချေပမည်နည်း။ အခြေခံကောင်းတွင် စနစ်တကျ၊ မှန်မှန်ကန်ကန်အခြေခံတတ်သော အသိအမြင်ရှိပါမှ ဘယ်အဆောက်အအုံမျိုးဆောက်ဆောက်၊ ဘာလုပ်လုပ် မပြိုကျ၊ မပျက်စီးသော အကျိုးကျေးဇူးကို ရရှိပါမည်။

လူ့လောကတွင် တစ်ဦးတစ်ယောက်တည်း မနေနိုင်ကြဘဲ လူပေါင်းများစွာနှင့် ထိစပ်ဆက်ဆံတွဲဖက်ချုပ်စပ်အလုပ်လုပ်ကြရခြင်းကြောင့် လူကိုအခြေခံမှုမှာ အခြေခံကောင်းဖြစ်ပါသည်။ အဆင့်မြင့်ဈေးရောင်းဈေးဝယ်လောကတွင် 'ဈေးဝယ်သူသည် အမြဲတမ်းမှန်သည်' ဟူ၍လူကိုအထူးဂရုပြု အလေးထားတတ်ပါမှ အကျိုးအမြတ်များပါမည်။ လူကိုအဓိကထားပါသည်ဆိုရုံနှင့် မပြီးသေးချေ။ လူတို့အကြောင်းသိရှိနားလည်ရန် လူတို့၏ဗီဇစရိုက်၊ အမူအကျင့်၊ အကြိုက်အကြောသဘောအထာများကို အထာကျွမ်းရန်၊ အထာနပ်ရန် လိုအပ်ပါမည်။

လူသည် သစ်သားရုပ်၊ ရွှံ့ရုပ်မဟုတ်ချေ။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်၊ ဦးနှောက်၊ နှလုံးသား၊ စိတ်ခံစားချက်များနှင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် လူအကြောင်းကို နားလည်သဘောပေါက်ရန်ခက်၏။ ရှုပ်ထွေးပွေလီ၏။ သို့သော် အခြေခံကောင်းဖြစ်သော လူကိုအခြေမခံပါက အခြေခံကောင်းမဖြစ်နိုင်ပြန်ချေ။

လူတွင်စားဝတ်နေရေးလိုအပ်ချက်များရှိသလို ဘဝတဏှာ၊ ကာမတဏှာ၊ ရသတဏှာ၊ လူအရေးအရာ၊ လူ့ဝေယျာဝိစ္စများကလည်း ထွေပြားများမြောင်၏။ ကိုယ်ချမ်းသာမှုကိုမက်သလို၊ စိတ်ချမ်းသာမှုကိုလည်း မက်၏။ လူသည် ဘဝလိုအပ်ချက်အရ ဒုတိယဘုရားသခင်ဖြစ်သည်။ ငွေကြေးကို လိုလားတပ်မက်သလို ရသတဏှာ၊ စိတ်အာရုံခံစားမှုများကိုလည်း လိုက်မက်နှစ်သက်သည်သာဖြစ်၏။

အနောက်တိုင်းသားများက 'ကဗျာစာပေ၊ တေးဂီတ၊ အက၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပု အနုပညာရသများကို အရသာမခံတတ်လျှင် လူဖြစ်ရကျိုးမနပ်' ဟုဆိုကြ၏။ လူပီသခြင်း၊ လူဆန်ခြင်းမှာထွေပြား၍ နားလည်ရခက်ပါမည်။ မိမိနှင့်မတူတိုင်း လူမဟုတ်ဟုသတ်မှတ်လျှင် လူလိုနားမလည်တတ်သူဖြစ်သွားပါမည်။

မိမိကရုပ်ဝတ္ထု၊ ငွေကြေးကိုသာ ငမ်းငမ်းတက်၊ မက်မက်စက်စက်ရှိရင်း ငွေနှင့်ကိုင်ပေါက်ရန်၊ ငွေနှင့်မျှား၍ကျုံးသွင်းအမိဖမ်းရန် အားထုတ်နေစဉ် မိမိချစ်မက်မြတ်နိုးသူက စိတ်ချမ်းသာရေးကို ဦးစားပေးကာ ချစ်သူနောက်ခိုးရာလိုက်ပြေးသွားပါက ဘာလုပ်နိုင်မည်နည်း။ ချစ်ခင်သူနှင့်ကွေကွင်းရမည့်ဒုက္ခ မခံစားနိုင်ဘဲ စိတ်ချမ်းသာရေးကိုဇောင်းပေးကာ သူ့ဘဝကို သူ့စိတ်ကြိုက်တည်ဆောက်၍ သူ့ကံကြမ္မာကို သူ့ဘာသာဖန်တီးသည်မှာ သူ့ရပိုင်ခွင့်၊ သူ့လူအခွင့်အရေးပင်တည်း။

ရွှေပုံပေါ်မှာ စံနေရတိုင်း ပျော်ရွှင်ကျေနပ်နေကြသည်။ စိတ်ချမ်းသာကိုယ်ကျမ်းမာဖြစ်နေကြမည်ဟု တရားသေမမှတ်ယူသင့်ချေ။ ကျွန်တော့်သူငယ်ချင်းမတစ်ဦးမှာ သိန်းပေါင်းများစွာချမ်းသာသော ငါးဖမ်းလုပ်ငန်းရှင်ကြီး စာရင်းဒိုင်၊ သူဌေးကတော်ဖြစ်ပါသည်။ တစ်ရွာတည်းသားငယ်ပေါင်း သူငယ်ချင်းခြင်းဖြစ်၍ ကျွန်တော့်အား ထိန်ချန်လျှို့ဝှက်ဖုံးဖိမထားချေ။ ပွင့်လင်း၏။

သူဌေးကတော်က ကျွန်တော့်အားမေးမြန်းစူးစမ်းသည်မှာ ကျွန်တော်နှင့်ဇနီးတို့၏ လင်မယားဆက်ဆံရေးပင်။

'နင်၊ နင့်မိန်းမကို လစာအကုန်အပ်လား။ လစာကိုနင်ကိုင်သုံးလား' ဟူ၏။ သူဌေးမက ကျွန်တော်၏ ရှစ်ပဲတစ်ပြား ဝန်ထမ်းလစာကိုစိတ်ဝင်တစားစူးစမ်း၏။ လစာငွေကို အရေးတကြီးထားဟန်တော့ မရှိချေ။

'ဟ ငါ့လစာကို ငါ့ဇနီးဆီအကုန်အပြောင်အပ်ရတာပေါ့ဟ။ သူက ငါ့အိမ်ရှင်မပဲ။ ငွေကြေးကိစ္စ သူပဲစီမံခန့်ခွဲရမှာလေ။ မီးဖိုချောင်ကိစ္စ၊ အိမ်တွင်းကိစ္စတွေမှာ ငါဝင်ပါခွင့်မရှိဘူး။ လက်ရှောင်ပေးရတယ်။ အဲဒါသူ့နေရာ သူ့တာဝန်လေ။ သူ့အစီအမံကို ငါနာခံပေးရတယ်။ သူ့လက်သူ့ခြေစီမံတယ်။ ငါက ဝန်းရံပေးရုံ၊ အကြံဉာဏ်ပေးရုံပဲ။ အိမ်ပြင်ကိစ္စက ငါ့တာဝန်ပေါ့။ သူက အိမ်ထောင်ရှင်မလေဟာ။ သူ့နေရာမှာသူ အရေးပါတယ်။ နေရာပေး၊ အရေးပေးရတယ်။ ခု နင်တို့ဆီရောက်တာ အိမ်ကဝက်ကြီးတစ်ကောင်ထုတ်ရောင်းရာက ငွေပိုငွေလျှံရှိတာနဲ့ ငါးခြောက်ငါးခြမ်းသွားဝယ်ပေး၊ ငါးခြောက်ရောင်းမယ်ဆိုလို့ ငါးခြောက်ရတတ်သလောက်ဝယ်မလို့ နင်တို့ဆီရောက်ဖြစ်တာ။ နင်တို့သူဌေးဖြစ်နေကြတာ ငါသတင်းရထားတယ်လေ' ဟုရှင်းပြရပါသည်။

'အင်း နင်တော်တယ်။ မျှမျှတတ စဉ်းစားတတ်တယ်။ လူတစ်ဖက်သားအပေါ် နားလည်တတ်၊ အလိုက်သိပေးတတ်၊ အားနာတတ်တဲ့လူဆိုတာ ငါသိပြီးသား။ ငါ့ကိုသူဌေးမဆိုပြီး အထင်မကြီးပါနဲ့ဟာ။ သူဌေးမသာဖြစ်နေတာ။ ငါ့လင်သားက ငါ့ကိုလူရာမသွင်းဘူး။ နေရာမပေးဘူး။ ငါ့အိမ်မှာ ဘာမှအရေးမပါဘူး။ အားလုံးလက်ဝါးကြီးအုပ်ထား၊ ချုပ်ကိုင်ထားတာ ငါ့မှာငွေလည်းမကိုင်ရ။ သုံးချင်ရင် သူ့ဆီမှာတောင်းသုံးရတာကို ငါစိတ်ကုန်တယ်။ ငါတို့ဘယ်လောက်ချမ်းသာမှန်း ငါမသိဘူး။ သူ့ဘာသာသူစီမံနေတာ ငါ့ကိုဘာမှမပြောဘူး။ ဘာမှလဲမတိုင်ပင်ဘူး။ ဘယ်လိုလင်မယားမျိုးမှန်းလည်း ငါမသိတော့ပါဘူးဟာ။ အဲဒီလိုသူဌေးကတော်မျိုးကို ငါ့တစ်စိမှမမက်ပါဘူး။ နင်တို့လင်မယားလိုသူ့တာဝန်၊ ကိုယ့်တာဝန်တွေနဲ့ ငါလည်းအရေးပါချင်တယ်။ ခုတော့ သူဌေးကတော်က မင်းကတော်ကျွန်ပုံပေါက်ခွေးလောက်မှ မကောင်းတဲ့ဘဝမျိုးပါပဲ။ ငါ့ရွာကိုပြန်ပြေးချင်ပေမယ့် သမီးကလေးနှစ်ယောက်ရှိထားတော့ ခရီးလွန်လို့အပြန်ခက်သွားပါပြီဟယ်။ ဝဋ်ရှိသမျှခံနေရဦးမှာပါပဲ။ စိတ်ကုန်ပါတယ်ဟယ်။ သူဌေးမ ငါတစ်စိမှစိတ်မချမ်းသာဘူး' ဟူ၏။ ကျွန်တော့်မှာသူဌေးမ၏စိတ်ပျက်လက်ပျက် လက်ဆုပ်ဖြေပြောပြစကားကို အံ့အားသင့်ရင်းက မယုံနိုင်စရာဖြစ်ကုန်ရ၏။ သူဌေးမခမျာ သူနှင့်ထိုက်တန်သောနေရာကိုမရ၊ အရေးမပါ အရာမရောက် လင်မယားဆက်ဆံရေး မပီပြင်မှုကို စိတ်မချမ်းသာဖြစ်နေရှာ၏။

လူ့ဘဝဆိုသည်မှာ သည်လိုမျိုးလည်းရှိတတ်ပါသည်။ ငွေကြေးချမ်းသာခြင်းသည် ဘဝအတွက်အကောင်းဆုံးအဖြေဖြစ်ဟန် မတူချေ။ အခြားအရေးအရာများရှိဦးအံ့။

× × ×

ကျွန်တော့်ဇနီးမှာ ကျွန်တော်နှင့် ဘာသာလူမျိုးမတူရုံမက ခုနစ်နှစ်ငယ်သူ၊ အရွယ်ပင်မတူသူဖြစ်ပါသည်။ မိဘများက လူမျိုးမတူလို့ မပေးစားဆိုကာ ခွဲကြ၊ ဖျက်ကြသည့်ကြားက 'အစ်ကို၊ ညီမကိုလာခိုး။ ခိုးရာလိုက်မယ်' ဟု အချိန်းအချက်လုပ် စိတ်လိုလက်ရ အလိုတူအလိုပါပူးပေါင်းဆောင်ရွက်သူ၊ ကျွန်တော့်အား ယုံကြည်စိတ်ချသူ၊ ခေါင်းမာရဲ၊ စွန့်စားရဲသူဖြစ်ပါသည်။

ကျွန်တော်က ငယ်ရွယ်ပျိုမြစ်၍ ရုပ်ချောသောဇနီးကို မက်၏။ ဇနီးကလည်း တောသူပီပီ၊ အစိုးရလခစား လစာရိက္ခာရသော ကပစစစ်သားအခြေတကျရှိသူ ကျွန်တော့်အား မက်၏။ လူမျိုးဘာသာမတူကြခြင်းကြောင့် ကျွန်တော်တို့လင်မယားမှာ ပြုလွယ်ပျက်လွယ် စဉ်းစားရန်မဖြစ်နိုင်ချေ။ နာမည်ပျက် အရှက်ကွဲမခံနိုင်ကြချေ။

ရည်းစားအဖြစ်မှ ဘဝကြင်ဖော်အတွဲအဖက်လူတစ်ရှဉ်း လင်မယားအဖြစ်၊ ဘုရားသခင် ထမ်းပိုးတွဲဖက်ခံရသူချင်းအဖြစ် ရေဆုံးရေဖျားအတူရုန်းကြရ၏။ လင်မယားဆက်ဆံရေးမှာ ဘာပြဿနာမှမရှိကြချေ။

အပြန်အလှန်လိုလားချစ်မက်ကြသည့် ချစ်သူချင်းပေပဲ။ သို့သော် ယောကျ်ားနှင့်မိန်းမ ကြီးပြင်းကြရာပတ်ဝန်းကျင်၊ သွန်သင်ခံရသည့်အဆုံးအမ၊ ဗီဇစရိုက်၊ အကြိုက်အကြောသဘောထားချင်းကား တခြားစီ၊ တစ်ဘာသာစီ ဝေးလံကွာဟ၏။ ညှိမရ၊ လိုက်လျော၍မရ။ သဘောထားမတိုက်ဆိုင်။ ဇနီးက ငယ်ရွယ်သူ၊ အချောအလှပီပီ အဝတ်အစားကိုအထူးဂရုစိုက် လိုက်မက်၏။ ကျွန်တော်က 'အဝတ်အစားဆိုတာ အပေါ်ယံအခွံအကာကိစ္စ' ဟုသာသဘောထားသော ဘိုသီဘတ်သီဖြစ်ကတတ်ဆန်းသမားဖြစ်နေ၏။ သည်တော့ တကျက်ကျက်ဖြစ်ရ၏။ အခြေအတင်ဖြစ်ရ၏။ သို့သော် သူရော၊ ကျွန်တော်ရော မပြင်၊ တင်းခံနေကြ၏။ အားပြိုင်ကြ၏။

ကျွန်တော့်မှာ တာဝေးအပြေးအားကစားကို လေ့လာလိုက်စားသူ၊ ပင်ပန်းခံအပြေးလေ့ကျင့်သူဖြစ်၍ အစားကြီး၏။ ဖွယ်ဖွယ်ရာရာစားလို၏။ သို့သော် ဇနီးမှာဟင်းကောင်းတစ်ဖတ်၊ ထမင်းတစ်ပန်းကန်နှင့် ဝလင်ကျေနပ်တတ်သူဖြစ်နေပြန်၏။ ကျွန်တော်နှင့်ဇနီး ပုံစံမတူ၊ အစားမတူကြပြန်ချေ။ ကီးမကိုက် အဆင်မပြေကြပြန်။ သို့သော် လင်မယားတည်း၊ နည်းနည်းစီလျှော့။

ကျွန်တော့်တွင် တပ်ထဲရောက်စ

**စာမျက်နှာ ၁၁ သို့ -**

## မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (Myanmar Food Processors and Exporters Associations - MFPEA) ၏ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၂၉) UMFCCI အဆောက်အဦတွင် ဒီဇင်ဘာလ ၂ ရက်နေ့၊ မွန်းလွဲပိုင်းတွင်ကျင်းပခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တာဝန်ရှိသူများ၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ညီနောင်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ အစီအစဉ်အရရှေးဦးစွာ MFPEA ၏ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းဆောင်တာများကို ဆွေးနွေးသုံးသပ်တင်ပြသည်။ ထို့နောက် MFPEA ၏အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ၂၀၁၄/၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ သဘောတူညီမှုအရ အတည်ပြုချက်ရယူပြီး သဘာပတိ/ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိဂုံးချုပ်စကားပြောကြားကာ အသင်း၏ EC/CEC, Member များ အမှတ်တရဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအောင်မြင်ပြီးမြောက်ခဲ့သည်။

MFPEA အသင်းသည် ၂၀၀၆ ခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ အရ တရားဝင်ဖွဲ့စည်းသည့် အစိုးရမဟုတ်သည့် Non Government Organization (NGO) အသင်းဖြစ်၍ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း အပါအဝင် EC/ CEC ၄၀ ဦးရှိပြီး လက်ရှိအသင်းဝင်အင်အား ၆၅၀ ဦးရှိသည်ဟုသိရသည်။

ရှေ့ဆက်လက်မည့် လုပ်ငန်းစဉ်များအနေဖြင့် မြန်မာနိုင်ငံမှစိုက်ပျိုးရေးကိုအခြေခံသည့် စားသောက်ကုန်များ တင်ပို့/ရောင်းချမှုများကို ကူညီအားပေးမည်ဖြစ်ပြီး စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့်ကိစ္စနှင့်ပတ်သက်သည့် လုပ်ငန်းများတွင် အရည်အသွေးမြင့်မားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းအရသာကောင်းမွန်ရေး၊ ထုတ်လုပ်မှုအရည်အသွေးတိုးတက်လာစေရေးအတွက် စံချိန်စံညွှန်းများနှင့်အညီ မိဘပြည်သူများအကျိုးအတွက် ဆောင်ရွက်သွားမည်ဟုသိရသည်။

**မင်းထွဏ်း**




## လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းဆင်း



စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း (၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်နေ့၊ နံနက် ၈ နာရီက ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်စစ်ဆေးရေးဌာန သင်တန်းခန်းမတွင်ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထွဏ်း**

## စက္ကန့် ၉၀ စာ လူထုပညာပေးဗာတ်လမ်းတိုပြိုင်ပွဲ ကျင်းပမည်

Giordano နှင့် MMDC တို့ပူးပေါင်းပြီး ကျင်းပမည့်စက္ကန့် ၉၀ စာ လူထုပညာပေး We Care 4 you video competition နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာလ ၂၉ ရက်နေ့၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Junction Square ရှိ MMD ရုံးတွင်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းပြိုင်ပွဲသည် လူသားချင်းစာနာထောက်ထားကြင်နာမှုကို ကမ္ဘာပေါ်ရှိသက်ရှိတိုင်းနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ချစ်ခြင်းမေတ္တာများကို ခြွင်းချက်မရှိပွားများလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး PSA ပြိုင်ပွဲဖြစ်ကြောင်းသိရသည်။ အဆိုပါ PSA ပြိုင်ပွဲသည် မှုခင်းလျှော့ချရေး၊ လူမှုရေးအဆင့်အတန်းတိုးတက်ရေးနှင့် ချစ်စရာမြန်မာတို့၏ကူညီရိုင်းပင်းစိတ်များ ပိုမိုရှင်သန်လာစေရန်ရည်ရွယ်ကြောင်းနှင့် ပြိုင်ပွဲစည်းမျဉ်းအရ အသက် ၁၆ နှစ်ပြည့်သူတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နှစ်မိနစ်ထက်ပို၍မရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်လူကြီးများဖြစ်သည့် ဆရာဦးမြင့်သိန်းဖေ၊ အကယ်ဒမီ ဦးငြိမ်းမင်း၊ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်၊ တေးရေးတေးဆို မျိုးကျော့မြိုင်၊ MMDC Center Manager ဒေါ်စုမွန်ထွေး၊ Giordano Marketing Manager ကိုသန့်ဇော်အောင်တို့က ဇာတ်လမ်းတည်းဖြတ်ခြင်း၊ ဂီတနှင့်အသံပိုင်းတည်းဖြတ်မှု၊ ဂီတနှင့်အသံပိုင်းထည့်သွင်းမှု၊ Graphic Design, ပရိသတ်စိတ်ဝင်စားမှုများကို စိစစ်ရွေးချယ်မည် ဖြစ်သည်။ ပြိုင်ပွဲဝင်လျှောက်လွှာများကို We Care 4 you Facebook page Download ရယူ၍လည်းကောင်း၊ Giordano MM နှင့် MMDC Facebook Page ၌လည်းကောင်း၊ We Care 4u . PSA@gmail.com တွင်လည်း ကောင်း၊ Giordano ဆိုင်ခွဲများ၌ရယူနိုင်ပြီး၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၂၄ ရက်နေ့အထိ လျှောက်ထားရ မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဇာတ်ကားများကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိနောက်ဆုံးထား၍ MMDC သို့ပေးပို့ရမည်ဖြစ်ကာ ဇာတ်ကား ၃၀ ရွေးချယ်မည်ဖြစ်သည်။

**ဝင်းမြင့်ဦး**

**စာမျက်နှာ ၁၀ မှ -**

ဇနီးနှင့်မတွေ့ခင်ကတည်းက တောက်လျှောက်ကြီးလေ့လာလိုက်စားသောတာဝေးအပြေးအလုပ် မယ်ဒလင်တီးသည့်အလုပ်၊ စာရေးဆရာယောင်ယောင်၊ စာပေသမားအလုပ်များကို ဝါသနာအရ စွဲမြဲစွာလုပ်နေခဲ့သူဖြစ်ပါသည်။ ဇနီးမှာတော့သူဖြစ်၍ ကျွန်တော့်ဝါသနာများကို တစ်ခုမှ ဝါသနာမပါ၊ စိတ်မဝင်စား၊ နားလည်မလည်၊ အားလည်းမပေး။ အလိမ္မာလုပ်ကာ ပါရမီဖြည့်သလေးဘာလေး လုပ်တတ်သူမျိုးလည်း မဟုတ်ချေ။ ရိုးရိုးသားသား။

ရှင်းပြလည်း နားလည်ဖို့မကြိုးစား။ သူမှဝါသနာမပါဘဲကိုး။ အတွဲအဖက်မှားသလိုဖြစ်နေ၏။ ဘုရားသခင် မျက်စိမှောက်လေသလား မပြောတတ်တော့ချေ။ ဇနီး ကျွန်တော့်အပေါ် ဂရုစိုက်၊ အလေးထား၍အားပေးကူပံ့သည်မှာ ကျွန်တော်၏ ကပစစစ်သားအလုပ်ကိုသာဖြစ်၏။ အခြားဝါသနာအလုပ်များကိုမူ လုံးဝစိတ်မဝင်စား။ လုပ်ချင်လုပ် မလုပ်ချင်နေ။ သူနှင့်မဆိုင်သလိုပင် နေနေ၏။ မခက်ပေဘူးလား။ မခက်။

× × ×

အရေးအရာအားလုံးတွင် လူကို အခြေခံစဉ်းစားခြင်းမှာ အခြေခံကောင်းပင်ဖြစ်ပါသည်။ လူကိုအခြေခံကောင်းအဖြစ် အခြေခံရန် လူကို နားလည်ရန်မှာ မလွယ်လှချေ။

ထို့ကြောင့် ‘ဒီလူတွေနဲ့အလုပ်လုပ်ရတာ အရမ်းခက်ပဲ။ ဒီလူတွေနဲ့ အလုပ်မလုပ်တတ်ဘူး’ ဟုဌာနဆိုင်ရာတာဝန်ရှိသူတချို့ ညည်းတွားကြရခြင်းဖြစ်ပါသည်။ လူကိုနားမလည်၊ လူကိုအသုံးမချတတ်လျှင် အခက်တွေ့ပါမည်။ သို့သော် သည်လူတွေမှလွဲ၍ အခြားရွေးချယ်စရာလူမရှိနိုင်ချေ။ ကိုယ့်အရပ်နှင့်ကိုယ့်ဇာတ်၊ ရှိသည့်လူနှင့် အလုပ်ဖြစ်အောင် အားထုတ်ကြရမည်သာဖြစ်ပါသည်။ ညည်းတွားနေလည်း မထူးခြားနိုင်။

လူအကြောင်း အကြိုက်အကြောသဘောအထာကို မကျွမ်းကျင်က ကိုင်တွယ်ရခက်ပါမည်။ သေချာသည်မှာ ရှိသည့်လူနှင့်အလုပ်လုပ်တတ်ရပါမည်။ လူကိုနားလည်ဖို့ ကြိုးစားရပါမည်။ တစ်ခုရှိသည်မှာ အခြေခံအားဖြင့် လူသည်ကျား/မ မဟူ လူရိုး၊ လူဖြောင့်၊ လူတည်၊ လူမှန်ကိုလေးစား၏။ သမာသမတ်ရှိမှု၊ တရားမျှတမှုကို ကြိုက်၏။ တန်းတူရည်တူသဘော၊ ကျောသားရင်သားမခွဲဆက်ဆံမှုကို သဘောကျ၏။

မိမိကိုယ်တိုင်က လူကိုလူလိုသဘောထား မဆက်ဆံတတ်လျှင် ကိုင်တွယ်ရ၊ နားလည်ရခက်ပါမည်။ ဤပညာမှာ ဘွဲ့ဒီဂရီမဟုတ်။ လူဆန်သော ဘဝပညာ.....။

# ပေးဆပ်သူများ၏မော်ကွန်း



မောင်ညာဏ် (နုံးချုပ်)

'တူ. . . တူ. . . တူ'

'ဟဲလို' တစ်ဖက်မှထူးသံကြားရသောအခါ ကျွန်တော်ရင်၌ မျှော်လင့်ခြင်း၊ အားကိုးခြင်းတို့ရောယှက်ဖြတ်သန်းသွားလေတော့သည်။

'ဦးကျော်မြင့်လားခင်ဗျာ'

'ဟုတ်ပါတယ်'

'အစ်ကိုကြီး၊ ကျွန်တော်ဖြိုးလတ်ပါ။ ကျွန်တော့်ညီဆုံးသွားလို့ အစ်ကိုတို့အသင်းကိုအပ်မလို့ပါ။'

'ဟုတ်လား။ ဘယ်မှာဆုံးတာလဲ။'

'ကုတင်-၁၀၀၀ ဆေးရုံမှာပါ။'

'ဆုံးသွားတဲ့သူရဲ့အမည်၊ အသက်၊ အဖအမည်ပြောပါဦး။'

'အမည် မင်းလတ်ပါ။ အသက် ၃၆ နှစ်၊ အဖအမည် ဦးဝင်းကြည်ပါ။'

'အခု Mortury ကိုရောက်ပြီလား။'

'အခု ဆေးရုံအစီအစဉ်နဲ့ ရေခဲတိုက်ပို့ဖို့လုပ်နေတယ်။'

'အစ်ကိုတို့အသင်းက လူတစ်ယောက်သွေးလျှုဖို့ ကုတင်-၁၀၀၀ ဆေးရုံရောက်နေတယ်။ သူနဲ့ဖုန်းချိတ်ပြီး စီစဉ်ခိုင်းလိုက်မယ်။ ညီလေးတို့အိမ်ပြန်ရောက်ရင် ဖုန်းဆက်ဦး။'

'ဟုတ်ကဲ့ အစ်ကိုကြီး။'

ရေခဲတိုက်သို့ရောက်သောအခါ လူတစ်ယောက်အသင့် စောင့်နေသည်ကိုတွေ့ရသဖြင့်-

'အစ်ကိုက ပေးဆပ်သူများနာရေးကူညီမှုအသင်းကလားခင်ဗျာ။'

'ဟုတ်ပါတယ်။ ဦးကျော်မြင့်ဖုန်းဆက်ထားပါတယ်။ ဒီက တာဝန်ရှိသူတွေနဲ့လည်း ပြောပြီးပါပြီ။'

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီး။'

ထိုသူကပင်ဦးဆောင်ကာ ရေခဲတိုက်အလုပ်သမားများ အကူအညီဖြင့် သေဆုံးသူအားရေခဲတိုက်ထဲသို့ထည့်ပြီး-

'လာ အစ်ကို လက်မှတ်လိုက်ထိုးရမှာ။'

'ဟုတ်ကဲ့'

ကျွန်တော်လည်း တာဝန်ရှိသူများထံ၌ ကျွန်တော့်အမည်၊ လက်မှတ်နှင့်ဖုန်းနံပါတ်တို့ပေးပြီး အသုဘချမည့်နေ့ရက်၊ အချိန်တို့ညှိနှိုင်းသတ်မှတ်ရလေသည်။ ထို့နောက်တွင်တော့ လိုက်လံကူညီသူများအားနှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့လေတော့သည်။

အိမ်သို့ရောက်ပြီး မကြာမီပင်ပေးဆပ်သူများနာရေးကူညီမှုအသင်းမှ ဦးကျော်မြင့်ဦးဆောင်ကာ ကိုအောင်မျိုးထွန်း၊ ကိုရဲဝင်းနှင့်အသင်းသားသုံးယောက်ခန့် ရောက်လာကြ၏။ သေဆုံးရခြင်းအကြောင်းတို့အား စကားစမြည်ပြောပြီး ကိုအောင်မျိုးထွန်းကပင်-

'ကျွန်တော်တို့အသင်းက ရေခဲတိုက်ကိစ္စ၊ သင်္ဂြိုဟ်ပြီးတဲ့အထိ တာဝန်ယူဆောင်ရွက်ပေးပြီး အသုဘချမယ့်နေ့အတွက် ယပ်တောင်၊ ရေသန့်ဗူးနှင့် ဓမ္မဒါနတရားစာအုပ်အလှူတို့ကိုလည်း အပြည့်အစုံတာဝန်ယူလှူဒါန်းပေးပါတယ်။ ဒါကြောင့် ကာယကံရှင်အနေနဲ့ လူဘယ်နှစ်ယောက်စာလိုချင်ပါသလဲ။'

'၁၅၀၊ ၂၀၀ လောက်ရနိုင်မလားအစ်ကို။'

'ရုံး (၃၀) ကော၊ ရုံး (၄၁) ကောဆိုတော့ လူ ၂၀၀ စာလုပ်လိုက်မယ်ကိုဖြိုးလတ်။'

'ဟုတ်ကဲ့ ရပါတယ်ခင်ဗျာ။'

'ဖိတ်စာကတော့ ကိုဖြိုးလတ်တို့စာစီပြီး မြို့မဈေး ပါဝါကွန်ပျူတာဆိုင်မှာအပ်လိုက်ပေါ့။ ကျွန်တော်တို့လည်း ပါဝါဆိုင်မှာပဲ ယပ်တောင်အပ်မှာ။ ဒီဆိုင်ကလည်း နာရေးဖိတ်စာကို အခမဲ့ ဒါနပြုဆောင်ရွက်ပေးပါတယ်။'

'ဟုတ်ကဲ့ပါခင်ဗျာ။'

'ဧည့်ခံဖို့စားပွဲခုံ၊ ထိုင်ခုံတွေ၊ ရက်လည်တဲ့အခါသုံးဖို့အိုးခွက်ပန်းကန်တို့လည်း အခမဲ့ငှားရမ်းအသုံးပြုနိုင်ပါတယ်ခင်ဗျား။'

'ဟာ . . . ဒါဆို အားလုံးပြည့်စုံနေပါပြီ။ အစ်ကိုတို့ ပေးဆပ်သူများနာရေးကူညီမှုအသင်းကိုလည်း ကျေးဇူးအထူးတင်ပါတယ်။'

'မလိုပါဘူးဗျာ။ ဒီလိုကူညီချင်လို့ ဒီအသင်းဖွဲ့စည်းတည်ထောင်ထားတာပါ။'

'လေးစားပါတယ် အစ်ကို။'

ကိုအောင်မျိုးထွန်းတို့အဖွဲ့လည်း စကားအနည်းငယ်ပြောပြီး နှုတ်ဆက်ကာပြန်သွားကြလေတော့သည်။

အသုဘချမည့်ရက်၌လည်း ပေးဆပ်သူများအသင်းမှ အသင်းသားများရောက်လာပြီး အစစအရာရာကူညီဆောင်ရွက်ပေးကြလေသည်။ နာရေးငါးရက်မြောက်ညတွင် ပေးဆပ်သူများအသင်းမှဦးကျော်မြင့်၊ ကိုအောင်မျိုးထွန်းနှင့် ကိုရဲဝင်းတို့လာကြလေသည်။ ဦးကျော်မြင့်က-

'အဆင်ပြေရဲ့လား ညီလေး၊'

'အစ်ကိုကြီးတို့အသင်းရဲ့ ကူညီပံ့ပိုးမှုကြောင့် အားလုံးအဆင်ပြေပါတယ်ခင်ဗျာ။ ဒါနဲ့အစ်ကိုကြီးတို့အသင်းကို ကျွန်တော်စိတ်ဝင်စားလို့ နည်းနည်းမေးလို့ရမလား။'

'ရပါတယ်ညီလေး၊ မေးပါ။'

'အစ်ကိုတို့ပေးဆပ်သူများ နာရေးကူညီမှုအသင်း စတင်ဖွဲ့စည်းတည်ထောင်တာ ကြာပြီလား။'

'ကြာပြီပေါ့။ (၁. ၈. ၂၀၁၂) ခုနှစ်ကတည်းကပေါ့။'

'စတင်ဖွဲ့စည်းတည်ထောင်စဉ်က အသင်းသားဘယ်နှစ်ယောက်ရှိသလဲ။'

'အသင်းသား ၃၅ ယောက်နဲ့ စတင်ဖွဲ့စည်းတည်ထောင်ခဲ့တာ။'

'အခုလက်ရှိအသင်းသား အင်အားဘယ်လောက်ရှိသလဲ။'

'ယခုလက်ရှိအသင်းသား ၁,၂၀၀ ရှိခဲ့ပြီ ညီလေး။'

'ဘယ်လောက်အရေအတွက် လက်ခံကူညီခဲ့ပြီးပြီလဲ။ လျှာရှည်တယ်လို့ မထင်ပါနဲ့။'

' (၁. ၈. ၂၀၁၂) ကနေပြီး (၃၀. ၁၁. ၂၀၁၆) အထိ နာရေးစုစုပေါင်း ၂၂၄ ခု လက်ခံကူညီခဲ့ပါတယ်။'

'အသင်းက ဘယ်ရံပုံငွေနဲ့ရပ်တည်နေပါသလဲ။'

'စေတနာရှင်အသင်းသားများက တစ်လ ၁,၀၀၀ ကျပ်နှုန်းနဲ့ပါဝင်လှူဒါန်းကြပါတယ်။

'ဟုတ်ကဲ့။ နာရေးတစ်ခုပဲ ကူညီတာလား။'

'မကဘူးညီလေး။ သွေးလှူခြင်း၊ ရေဘေး၊ မီးဘေး၊ မတတ်နိုင်သူတွေအတွက် အောက်ဆီဂျင်ဗူးအခမဲ့ငှားရမ်းပေးခြင်းတို့ကိုလည်း တတ်နိုင်တဲ့ဘက်က ကူညီပေးပါတယ်။ အသင်းနှစ်ပတ်လည်နေ့ရောက်တိုင်း ပရဟိတမိဘမဲ့ကျောင်းများကို ငွေနဲ့အခြားလိုအပ်တဲ့ပစ္စည်းများ လှူဒါန်းပါတယ်။ ရေစကြိုရေဘေးလည်း သွားရောက်ကူညီလှူဒါန်းခဲ့ပါတယ်။ လပွတ္တာမီးဘေးသင့်ပြည်သူများအားလည်း ကျပ်ဆယ်သိန်းလှူဒါန်းခဲ့ပြီး နေပြည်တော်ကုတင်-၁၀၀၀ ဆေးရုံကြီးမှာလည်း အခါအားလျော်စွာ ထမင်းထုပ်များသွားရောက်ဝေငှလှူဒါန်းပါတယ်။'

'ဟာ မနည်းပါလား။ လေးစားအားကျမိပါတယ် အစ်ကိုကြီး။ အစ်ကိုတို့အသင်းမှာ ဥက္ကဋ္ဌက ဘယ်သူလဲခင်ဗျ။'

ထိုအခါ ကိုရဲဝင်းက-

'ဥက္ကဋ္ဌက ဒို့အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက ဦးကျော်မြင့်ပေါ့ ကိုဖြိုးလတ်ရ။'

'ဟာ ဥက္ကဋ္ဌကြီး ဦးကျော်မြင့် လေးစားပါတယ်ဗျာ။' ကိုရဲဝင်းကပင်-

'ဒုတိယဥက္ကဋ္ဌက ဦးအောင်သူ (စက်မှု)၊ အတွင်းရေးမှူး ဦးခင်ကြိုင် (စက်မှု)၊ အတွင်းရေးမှူး-၁ ဦးအောင်မျိုးထွန်း (စက်မှု)၊ အတွင်းရေးမှူး-၂ ဦးမျိုးဝင်း (စက်မှု) တို့ပဲ ညီလေး။'

'ကျွန်တော်တို့ဝန်ကြီးဌာနအတွက် လေးစားဂုဏ်ယူစရာပဲခင်ဗျ။' ကျွန်တော်ကပင်-

'အစ်ကိုကြီး ဦးကျော်မြင့်တို့ ဒီအလုပ်လုပ်တော့ အသုဘကိစ္စတွေနားလည်ထားရမှာပေါ့နော်။'

ထိုအခါ ဥက္ကဋ္ဌကြီး ဦးကျော်မြင့်က-

'အရာအားလုံး ဘုရားရှင်အလိုတော်ကျလုပ်နိုင်ရင် အကောင်းဆုံးပေါ့။'

'အသုဘချရာမှာ ကူးတို့ခအကြွေတစ်မတ်မရှိရင် ဘာထည့်ရမလဲ အစ်ကိုကြီး။'

'အကြွေစေ့တွေရှားသွားတာ အသုဘကိစ္စကအဓိကပေါ့။'

'ဘယ်လိုကြောင့်လဲ ရှင်းပြပါလားခင်ဗျာ။'

'ရှေးမခေတ်တုန်းက သူရဲကောင်းတွေသေဆုံးရင် မီးသင်္ဂြိုဟ်စင်ပေါ်မှာ သေသူရဲ့မျက်စိနှစ်ကွင်းအပေါ် ဒင်္ဂါးပြားတစ်ပြားစီ တင်ပေးပြီးမီးသင်္ဂြိုဟ်လေ့ရှိတယ်။ အဓိပ္ပာယ်က သေသူရဲ့ဝိညာဉ်ဟာ တမလွန်တစ်ဖက်ကမ်းကိုကူးဖို့ ခုနကပြောတဲ့ ဒင်္ဂါးပြားပါမှကူးတို့ခပေးပြီး တမလွန်တစ်

စာမျက်နှာ ၁၃ သို့ -

# သာသနာ့ဝန်ဆောင်သာသနာ့လင်္ကာရ သာမဏေကျော်စာတော်ပြန်ပွဲ ကျင်းပ

မင်းထွဏ်း

ရှင်သာမဏေသာသနာ့ဗိမာန် သာသနာ့ဝန်ဆောင်မှုအဖွဲ့ (ရန်ကုန်) မှကြီးမှူးကျင်းပသည့် (၂၉) ကြိမ်မြောက် သာသနာ့ဝန်ဆောင် သာသနာလင်္ကာရ သာမဏေကျော်စာတော်ပြန်ပွဲကို ၁၃၇၈ ခု၊ နတ်တော်လဆန်း ၆ ရက်နေ့မှ ၇ ရက်နေ့အထိ နှုတ်ထောက်အာဂုံဖြေဆိုခြင်း၊ နတ်တော်လဆန်း ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရေးဖြေစာတော်ပြန်ပွဲကျင်းပခြင်းတို့အား ရန်ကုန်မြို့၊ သိင်္ဂုတ္တရကုန်းတော်ရှိ တပ်မတော်ဓမ္မာရုံ၊ စက်မှုဝန်ကြီးဌာနဓမ္မာရုံ၊ သာမဏေဓမ္မာရုံ၊ မင်္ဂလာဗျူဟာဓမ္မာရုံနှင့် ရခိုင်ဓမ္မာရုံတို့တွင် ကျင်းပခဲ့သည်။



သာမဏေကျော်စာပြန်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ စာဖြေရဟန်းသံဃာ ရှင်သာမဏေ၊ သီလရှင်စုစုပေါင်း ၂,၇၀၀ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဝိနည်း ၅ ကျမ်း၊ အင်္ဂုတ္တိုရ် ၁၁ ကျမ်း၊ ဓမ္မပဒ အဋ္ဌကတာ၊ သဒ္ဒါလေ့လာသုံးသပ်ခြင်းနှင့် သင်္ဂြိုဟ်ဘာသာရပ်များအား လေ့လာသင်ယူ၍ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သတ်မှတ်ဖြေဆိုကြရသည့် စာတော်ပြန်ပွဲဖြစ်ကြောင်းသိရသည်။

'ဒီစာတော်ပြန်ပွဲက ဗုဒ္ဓဘာသာရဲ့ တကယ့်အခြေခံဖြစ်တဲ့ ပိဋကတ်တော်တွေကိုလေ့လာတဲ့အခါမှာ ပါဠိဘာသာကို နားလည်ဖို့လိုပါတယ်။ မြတ်စွာဘုရားဟောကြားခဲ့တဲ့အကြောင်းကိုသိဖို့ဆိုရင် သဒ္ဒါနည်း၊ အဘိဓမ္မာနည်းတွေကို ကျွမ်းကျင်မှ သိလွယ်မှာဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို အမရပူရ၊ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ရေးဆွဲပေးခဲ့တာဖြစ်ပြီး ငယ်ရွယ်တဲ့ ရှင်သာမဏေတွေ ဗုဒ္ဓဘာသာကျမ်းစာများကို လေ့လာသင်ယူတဲ့အခါမှာ ပုံစံတကျလေ့လာသင်ယူနိုင်အောင် ဆရာတော်ကြီးက ပြဋ္ဌာန်းပေးခဲ့တာဖြစ်ပါတယ်။ သာမဏေကျော်စည်းမျဉ်းက စာတွေချည်းဖြတ်တတ်ရုံမဟုတ်ဘဲ လောကအရေး၊ ဓမ္မအရေး၊ တစ်ဆက်တည်းအသုံးချဖို့ လူတွေအပေါ်အကျိုးသက်ရောက်မှုရှိရှိ ဆောင်ရွက်နိုင်အောင် စည်းမျဉ်းချမှတ်ပေးခဲ့တာပါ။ ဝိနည်းအရ အကျွမ်းတဝင်ရှိအောင်လည်း ထည့်သွင်းထားပါတယ်' ဟု အတွင်းရေးမှူး ဦးကြည်တွဲကပြောသည်။ အဆိုပါ စာတော်ပြန်ပွဲကို မြန်မာနိုင်ငံအတွင်းရှိ ဒေသကြီး ၁၃ ခုတို့တွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် သာမဏေကျော်စာပြန်ပွဲ၏အောင်စာရင်းကို ၁၃၇၈ ခု၊ ပြာသိုလဆန်း ၆ ရက်နေ့ ထုတ်ပြန်ကြေညာမည်ဖြစ်ကာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် စာအောင်သံဃာတော်နှင့် ရှင်သာမဏေ၊ သီလရှင်တို့အား သာသနာ့လင်္ကာရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

စာမျက်နှာ ၁၂ မှ -

ဖက်ကမ်းကူးနိုင်မယ်။ ကူးတို့ခမပါရင် ကူးတို့သမားက မရဏလှေပေါ်တက်ခွင့်မပေးဘူး။ ဒီတော့ တမလွန်နိုင်ငံလည်းမရောက်၊ လူ့ပြည်လည်းပြန်လာမရဘဲ ဝိညာဉ်ဘဝနဲ့ တဝဲလည်လည်ဖြစ်ကြရတယ်။ ဒီအယူကိုယူပြီး အစ်ကိုတို့ ဗုဒ္ဓဘာသာမြန်မာတွေလည်း တစ်မတ်စေ့ကိုကူးတို့ခအဖြစ်ထည့်ပေးကြတာ ဓလေ့ထုံးစံလိုဖြစ်လာတာပဲ။ အရင်းစစ်တော့ ဟုတ်နိုးနိုးလိုက်လုပ်ကြရင်း ထုံးစံဖြစ်သွားတာ။ ဘုရားဟောနဲ့ဆန့်ကျင်နေတာပေါ့။ ဒို့ဘုရားက ရွှေဉာဏ်တော်ကြီးနဲ့ သတ္တဝါတွေအခု စုတိစိတ်ကျ၊ အခုပဋိသန္ဓေစိတ်တစ်ဆက်တည်းဖြစ်တယ်လို့ ဟောထားတာပဲ။ ဟိုမရောက်ဒီမရောက် တဝဲလည်လည်ဆိုတာမရှိပါဘူး။'

'ဒါဆို ကူးတို့ခထည့်ပေးရတယ်ဆိုတာ သဘာဝယုတ္တိမရှိဘဲ ဘုရားဟောနဲ့ ဆန့်ကျင်နေတာပေါ့နော်။'

'ဟုတ်တယ်ညီလေး။ ဒါပေမဲ့လည်း နာရေးကာယကံရှင်တွေရဲ့သောကတွေနဲ့ ညှိုးငယ်စိတ်မကောင်းဖြစ်နေချိန်မို့ ကာယကံရှင်သဘောလိုက်လုပ်ပေးရတာပေါ့။'

'လူသေရင် ဘာလို့သုံးရက်ထားပြီးမှ သင်္ဂြိုဟ်တာလဲ။'

'ပြည့်တန်ဆာမလေး သီရိမာသေဆုံးတော့ ဘုရားရှင်က ချက်ချင်းမသင်္ဂြိုဟ်စေဘဲ သုံးရက်စင်ထိုးထားစေတယ်။ ဒါကလည်း သီရိမာအလှမှာယစ်မူးနေသူတွေ အသိတရားရအောင်ပဲ။ သုံးရက်ပြည့်တော့ အလောင်းကောင်က ပုပ်ပွလာပြီး၊ မနှစ်မြို့ဖွယ်အနံ့ဆိုးတို့ထွက်လာကာ မတင့်တယ်သဏ္ဌာန်ဖြစ်လာတယ်။ ခန္ဓာရဲ့သဘောကကို ဖောက်ပြန်ပျက်စီးနေတော့ အသက်ရှင်စဉ်မှာပျက်စီးသွားတဲ့နေရာကို ရုပ်အသစ်အသစ်တွေအစားထိုးပြီး အလှအပ၊ အမွှေးအကြိုင်တွေနဲ့ ပြုပြင်နေကြလို့မသိသာပေမယ့် သေသွားတဲ့အခါတော့ ရုပ်အသစ်တွေအစားမထိုးနိုင်တော့ဘူး။ ဒီအခါမှာ ရုပ်ခန္ဓာကိုယ်ကြီးက သူ့အကြောင်းသူပြောတော့တာပဲ။ လူလည်းမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် အပုပ်ကောင်ပါ။ ဘယ်သူမှမလိုချင်လို့ လူသူကင်းမဲ့သုသာန်စပ်မှာ စွန့်ပစ်ကြတယ်။ ငါလည်း ဤနှယ်ရှောင်မရ။ သေပွဲဧကန်ဝင်ရမယ်။ ဒီလိုအသုဘရှုဖို့ ဘုရားရှင်က သုံးရက်ထားစေခဲ့တာပဲ။ ဒါကိုတုပြီး သုံးရက်ထားတဲ့ဓလေ့ဖြစ်လာတာပဲ။ သုံးရက်ထားတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ သဘာဝအတိုင်းမဟုတ်ဘူး။ ရေခဲတိုက်ထဲမှာ မပုပ်အောင်ထား၊ အနံ့မထွက်အောင်ထား အသုဘချတော့ ဝတ်ကောင်းစားလှလွှမ်းပေးပြီး ပန်းတွေဝေနေအောင်ထည့်၊ ဘယ်လိုအသုဘကမ္မဋ္ဌာန်းရှုလို့ရတဲ့ ကုသိုလ်ကိုပြောတာ။ ဘုရားရှင်ရည်ရွယ်ချက်နဲ့ ဆန့်ကျင်နေပြန်ရော။'

'မှတ်သားစရာတွေပါပဲ အစ်ကိုကြီး။ ၇ ရက်ပြည့် ရက်လည်တာကော။'

'ဒါလည်း မြတ်စွာဘုရားလက်ထက်တော်က မိမိမှာရှိတဲ့ သင်္ကန်းအသစ်ကလေးကိုစွဲလမ်းပြီး ရဟန်းတော်တစ်ပါးဟာ ပျံလွန်တော်မူသွားတယ်။ ဒီရဟန်းရဲ့စွဲလမ်းစိတ်ကြောင့် သင်္ကန်းကြားမှာသန်းကြီး သွားဖြစ်တယ်။ ဒီတော့ ကျန်ရစ်ခဲ့တဲ့ရဟန်းအသုံးအဆောင်တွေကို ကျန်ရဟန်းတွေက ခွဲဝေယူကြတယ်။ ဒီအခါမှာ ဘုရားရှင်က အခြားအသုံးအဆောင်တွေကိုယူစေပြီး သင်္ကန်းကိုတော့ ၇ ရက်ပြည့်ပြီးမှ ခွဲဝေစေတယ်။ အကြောင်းက ပျံလွန်တော်မူသွားတဲ့ရဟန်းက သင်္ကန်းကြားသန်းကြီးဖြစ်နေပြီး၊ သန်းတို့၏သက်တမ်းအရ ၇ ရက်ပြည့်ရင် သေဆုံးကာရဟန်းဝတ်ခဲ့တဲ့ကုသိုလ်ကြောင့် နတ်ပြည်မှာနတ်ဖြစ်မှာကို မြင်တော်မူလို့ ၇ ရက်စောင့်စေခဲ့တာပဲ။ ဒါကိုတုပြီး ၇ ရက်ပြည့်နေ့မှာ ရက်လည်ဆိုပြီးကုသိုလ်ပြုကြတာပဲ။ ၇ ရက်မပြည့်မချင်း မကျွတ်ဘူး။ အိမ်မှာ တဝဲလည်လည်ဆိုတာ မဟုတ်ပါဘူး။ ကံအလျောက် ၃၁ ဘုံမှာ ဧကန်ဖြစ်ကြရတာပဲ။'

'ဗဟုသုတအများကြီးရပါတယ် အစ်ကိုကြီး။ လေးလည်းလေးစားမိပါတယ်။'

'အစ်ကိုတို့လည်း တတ်နိုင်တဲ့ဘက်က ပေးဆပ်နေကြတာပါ။'

'ပူပင်သောကတွေနဲ့ မချမ်းမြေ့နိုင်သူတွေ၊ ဒုက္ခရောက်နေသူတွေကိုနှစ်သိမ့်စေပြီး၊ တတ်နိုင်သမျှကူညီဖြေရှင်းပေးဆပ်နေကြတဲ့ အစ်ကိုကြီးတို့ရဲ့ပေးဆပ်သူများ နာရေးကူညီမှုအသင်းမှာ ကျွန်တော့်ကိုပါဝင်ပေးဆပ်ခွင့်ပြုပါ အစ်ကိုကြီး။'

'လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်ညီလေး။'

ကျွန်တော့်၏လက်နှစ်ဖက်အား ပေးဆပ်သူ၏လက်နှစ်ဖက်အဖြစ် သတ်မှတ်ဆုံးဖြတ်မိလိုက်လေတော့သတည်း။

■





## ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းသည့် မူကြိုကျောင်းဖွင့်လှစ်




ဂျပန်နိုင်ငံမှအကုန်အကျခံဆောက်လုပ်လှူဒါန်းသည့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အိန္ဒုကျေးရွာရှိ မေတ္တာစိမ့်စမ်းမူလတန်းကြိုကျောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှဒုတိယအတွင်းဝန် Mr.HIGA-SHI HIDEAKI ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါက်တာနုနုသာ၊ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာနီဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူငွေနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ZM**

## ပြည်ပသွားရောက်မည့်အလုပ်သမားများကို အလုပ်အကိုင်ဆိုင်ရာ နိုင်ငံကူးလက်မှတ်ထုတ်ပေးမည်

ပြည်ပသွားရောက်လုပ်ကိုင်မည့်အလုပ်သမားများကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အလုပ်အကိုင်ဆိုင်ရာ နိုင်ငံကူးလက်မှတ်များထုတ်ပေးမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှသိရသည်။

အလုပ်သမားများသည် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ဗီဇာသက်တမ်းတိုးပါက Visit Passport ဖြင့်သွားရောက်သူများသည် သက်တမ်းတိုးရန်အခက်အခဲရှိပြီး ပြည်ပနိုင်ငံများသို့အလည်အပတ်သွားသူများနှင့် အလုပ်လုပ်ကိုင်ရန်သွားရောက်သူများကို ခွဲခြားရန်ခက်ခဲမှုရှိသည်။ အလုပ်သမားများနှင့်ခရီးသွားသူများကို စိစစ်နိုင်ရန်အတွက် အလုပ်သမားစေလွှတ်မှုများကို အလုပ်အကိုင်ဆိုင်ရာနိုင်ငံကူးလက်မှတ် Job Passport များဖြင့်သာ ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်အမျိုးအစား Job Passport ကိုလျှောက်ထားရာတွင် အခက်အခဲရှိပါက ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီမှတစ်ဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သွားရောက်ဆောင်ရွက်နိုင်ရေးအတွက် ကူညီလုပ်ဆောင်ပေးမည်ဖြစ်ကြောင်းသိရသည်။

**ဟိန်းသူ**

## ထိုင်းနိုင်ငံထုတ် TOA အိမ်သုတ်ဆေးကုမ္ပဏီမှ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





ထိုင်းနိုင်ငံတွင် အရည်အသွေးနှင့်ရောင်းအားအကောင်းဆုံး၊ အလှဆင်သုတ်ဆေးနံပါတ် (၁) စာရင်းဝင် TOA မှဦးဆောင်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ အလုံလမ်းရှိ Summit Parkview Hotel တွင် ကျင်းပခဲ့သည်။

ရှေ့ဦးစွာ TOA မှ တာဝန်ရှိပုဂ္ဂိုလ် Mr. Thrnom Chinnaworn က TOA Paint အဆင့်မြင့်နည်းပညာများအသုံးပြုဖော်စပ်ထားသည့် အဆင့်မြင့်တာရှည်ခံ ရေဆေး၊ ဆီဆေး၊ အောက်ခံဆေး၊ အိမ်တွင်းသုတ်ဆေး၊ အိမ်ပြင်သုတ်ဆေး၊ သစ်သားနှင့်ပတ်သက်သော အရောင်တင်ဆေးအမျိုးမျိုး၊ Construction Chemical များဖြစ်သည့် ပတ်တီး၊ Moisture Guard, Microkill, Roofseal နှင့်ရွှေဆေးများ၏ဂုဏ်သတ္တိများနှင့် ဆေးသုတ်နည်းအဆင့်ဆင့်တို့အား လက်တွေ့ပြသဆွေးနွေးသည်။ ယင်းနောက် ဗိသုကာပညာရှင်နှင့် ဆောက်လုပ်ရေးပညာရှင်များက စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများအား Video file များဖြင့် သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏သိလိုသည်များအား ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ TOA အဆင့်မြင့်နည်းပညာသုံး သုတ်ဆေးများအား MIC (Myanmar Investment Commission) မှ မြန်မာပြည်၏တရားဝင်ခွင့်ပြုချက်ရရှိထားပြီး တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဝယ်ယူလိုသူများအနေဖြင့် TOA Paint (Myanmar Co.,Ltd. ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၁-၅၅၄၁၀၂၊ ၀၉-၇၇၃၁၃၈၁၃၆၂ သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။

## ရန်ကုန်မြို့ရှိ အရေးကြီးအဆောက်အအုံ ၅၀ ကျော်ကို ငလျင်ဒဏ်ခံနိုင်ရည်ရှိ/မရှိ စစ်ဆေးမည်

ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်ဖြစ်သော UN-Habitat ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ပေါ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တိုင်းဒေသကြီးမီးသတ်ဗဟိုဌာန အဆောက်အအုံ ၅၀ ကျော်ကို ငလျင်ဒဏ်ခံနိုင်ရည်ရှိ/မရှိစစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ သိရသည်။



လုပ်ငန်းဆောင်ရွက်မှုစီမံချက်ကာလကို တစ်နှစ်သတ်မှတ်ထားပြီး လာမည့် ၂၀၁၇ ခုနှစ်မကုန်ခင် အပြီးဆောင်ရွက်မည်ဖြစ်သည်။ အဆောက်အအုံများ၏ ပင်မအလေးချိန်၊ ထမ်းထားရသောဝန်အား၊ ဆောက်လုပ်မှုနည်းစနစ်၊ တည်ရှိခဲ့သော နှစ်သက်တမ်းကာလ စသည့်အချက်များအပေါ် အခြေခံကာ ငလျင်ဒဏ်ခံနိုင်ရည်ရှိ/မရှိခန့်မှန်းတွက်ချက်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Project ကို UN-Habitat နှင့် ပြည်တွင်းမှကျွမ်းကျင်ပညာရှင်များ၊ တာဝန်ရှိသူများပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး လိုအပ်သောနည်းပညာနှင့်ကုန်ကျစရိတ်များကို UN-Habitat မှ ပံ့ပိုးကူညီမည်ဖြစ်ကြောင်းသိရသည်။

စစ်ဆေးစမ်းသပ်ပြီးနောက် ရရှိလာသောလေ့လာတွေ့ရှိချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအဆောက်အအုံများမှ တာဝန်ရှိသူများထံတင်ပြပြီး လိုအပ်ပါက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**စံမျိုးထက်**

## မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ အခွန်လွတ်တင်ပို့ခွင့် စတင်ခွင့်ပြု

အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာထားသော ကုန်သွယ်ရေးအထူးခံစားခွင့်အနေဖြင့် မြန်မာနိုင်ငံမှအမေရိကန်နိုင်ငံသို့ အခွန်လွတ်တင်ပို့ခွင့်ကို ယခုအခါစတင်လိုက်ပြီဖြစ်သည်။

အဆိုပါ အခွန်လွတ်တင်ပို့ခွင့်အရ ကုန်ပစ္စည်းအမျိုးအစားပေါင်း ၅,၀၀၀ ကို မြန်မာမှအမေရိကန်သို့ တင်ပို့ရာတွင် အခွန်ပေးဆောင်ရန်မလိုဘဲ ကုန်ပစ္စည်းများထဲတွင် ရေထွက်ပစ္စည်း၊ သစ်အချောထည်ပစ္စည်း၊ ကျောက်မျက်ရတနာစသည်တို့ပါဝင်ကြောင်းသိရသည်။ အခွန်ကင်းလွတ်ခွင့်ရသော ကုန်ပစ္စည်းများကိုတင်ပို့ရာတွင် အရည်အသွေးကောင်းမွန်ပြီး ထုပ်ပိုးမှုစနစ်ကျရန်လိုအပ်ကြောင်း၊ ပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့် အမေရိကန်နိုင်ငံမှ တင်ပို့ခွန်ကင်းလွတ်မှုကြောင့် စတင်ပြင်ဆင် ဆောင်ရွက်နေပြီဖြစ်သော်လည်း နိုင်ငံတကာအရည်အသွေးပြည့်မီစေရန်နှင့် ထုပ်ပိုးမှုစနစ်တကျရှိစေရန် နည်းပညာရပ်များလိုအပ်နေသေးကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်မှ သိရသည်။

အဆိုပါ အခွင့်အလမ်းများကို အသုံးပြုပြီး နိုင်ငံ့စီးပွားရေးအခြေအနေတိုးတက်လာမည်ဟု လုပ်ငန်းရှင်များက မျှော်လင့်ထားကြသည်။

**နှင်းဆီနက်**



# ဗျူဟာ

'ဒီတစ်နှစ်တော့ လွဲသွားပြန်ပြီထင်ပါတယ် . . .' သီချင်း သံလေးကြားတော့ ပြုံးမိသည်။ ကိုနေရဲတို့အုပ်စု ဘောပွဲကြည့်ပြီး ပြန်လာကြပြီထင်သည်။ ကြားရတဲ့သီချင်းသံအရတော့ အခြေအနေကောင်းပုံမရ။ ဘောလုံးပွဲကြည့်ပြီး ဒေါသထွက်ရလွန်းလို့ ဘောလုံးပွဲမကြည့်ဖြစ်တာကြာပြီ။ မျိုးချစ်စိတ်မရှိလို့တော့ မဟုတ်ပါဘူး။

'ရှုံးပြန်ပြီ အစ်ကိုရေ။ အကြွေးဟောင်းတွေ မဆပ်နိုင်သေးဘဲ ကြွေးသစ်တွေ ထပ်ထပ်တင်ရပြီ။'

ကိုနေရဲအခန်းထဲဝင်လာရင်း ပြောသည်။ ဖြူလဲ့ရည်ကော၊ လဲ့လဲ့ပါ မျက်နှာမကောင်းကြ။

'ခြေစွမ်းကော တော်တော်ကွာသလား ကိုနေရဲ။'

'ခြေစွမ်းက မကွာလှဘူးအစ်ကို။ ကလေးတွေလည်း ကြိုးစားကြတာပဲ။ ကစားပုံလေးလည်း ကောင်းပါရဲ့နဲ့။ ဘာလိုနေမှန်း မသိဘူးအစ်ကိုရေ။'

'ကစားပုံလည်း ကောင်းတယ်။ အသင်းလိုက်စုဖွဲ့မှုအားလည်း ကောင်းတယ်ဆိုရင်တော့ လိုနေတာဗျူဟာပဲဖြစ်လိမ့်မယ်။'

'ပြောပါဦး ဆရာကြီးရဲ့။ ဒါမျိုးအပြောလေးတွေ မကြားရတာကြာပြီဆိုတော့။'

ဖြူလဲ့ရည်က ခနဲ့တဲ့တဲ့ဆိုသည်။

'ဖြူလဲ့ရယ် ကိုယ်ပြောကြည့်မယ်။ ဒုတိယပိုင်းမှာ ဂိုးတွေအသွင်းခံရပြီး ရှုံးသွားတာ မဟုတ်လား။'

'အင်း ဟုတ်တယ်။'

'ဒါပဲလေ သူတို့က ကိုယ်တွေကစားကွက်ကိုသိနေပြီ။ ကိုယ်တွေအသင်းက အတင်းဝင်၊ အတင်းထွက်၊ အားကုန်ထုတ်ပြီး ကစားနေတာ။ ဒီတော့ ဒုတိယပိုင်းဆို အသင်းက ကစားအား ကျနေပြီ။ သူတို့တွေက ပထမပိုင်းကိုထိန်းကစားပြီး ဒုတိယပိုင်းကျမှ တင်ကစားလာတော့ ကိုယ်တွေအသင်းဘယ်ခံနိုင်ပါ့မလဲ။ ဒါသူတို့ ဗျူဟာပဲလေ။ သူတို့ဗျူဟာထဲ မျောသွားမှတော့ သူတို့စိတ်ကြိုက်အကွက်တွေနဲ့ တွေ့ရတော့မှာပေါ့။'

'ဒါဆို ဗျူဟာကောင်းအောင်ပဲ ကြိုးစားရမယ်ပေါ့။ နည်းစနစ်တို့၊ သက်လုံတို့၊ ကစားကွက်တို့က အရေးမကြီးတော့ဘူးပေါ့ ဟုတ်လား။'

'မဆွဲပါနဲ့ ဖြူလဲ့ရယ်။ ဖြူလဲ့ပြောတာတွေ အားလုံးလည်း အရေးကြီးပါတယ်။ ဗျူဟာမရှိဘဲကစားရင် ရှုံးချင်ရှုံးနိုင်သလို ရှုံးချင်မှလည်းရှုံးပါလိမ့်မယ်။ ဒါပေမဲ့ ဗျူဟာမပါဘဲ အနိုင်ရဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ ဗျူဟာဆိုပေမယ့်လည်း အထင်ကြီးစရာကြီးကြီးမားမားလည်း မဟုတ်ပါဘူး။ တစ်ဖက်အသင်းရဲ့ အားနည်းချက်ကို ကိုယ့်အားသာချက်ဖြစ်အောင် လုပ်ထားပြီး၊ ကိုယ့်အားနည်းချက်ကို သူများအခွင့်အရေးမယူနိုင်အောင် လုပ်ထားတာမျိုးပါ။'

'ပြောတော့ လွယ်လိုက်တာ။ သူများရဲ့ အားသာချက်၊ အားနည်းချက်ကိုသိဖို့ဆိုတာ လွယ်တာမှတ်လို့။ ကိုယ့်အားသာချက်၊ အားနည်းချက်တောင် မနည်းပြန်စဉ်းစားနေရတာကိုး။'

'ဘောလုံးပွဲရှုံးတာနဲ့ ကျွန်တော့်ကိုဂျစ်တိုက်နေတာလား ဖြူလဲ့ရယ်။ မလွယ်မှန်းတော့ ကျွန်တော်လည်းသိပါတယ်။ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန်ခွဲခြမ်းစိတ်ဖြာပြီး သုံးသပ်နိုင်ရင်တော့ အားနည်းချက်၊ အားသာချက်ဆိုတာ ထွက်လာနိုင်တာပဲ။'

'ကြည့် ဘောလုံးအကြောင်းပြောနေရင်းက ဘယ်ကိုရောက်သွားပြန်ပြီလဲ။'

'ဘောလုံးအကြောင်းပဲ ပြောနေတာပါဗျာ။ ဥပမာ-ကိုယ်အားပေးတဲ့ Chelsea အသင်းဆိုပါတော့။ ဒီနှစ်ဘောလုံးရာသီမှာ Chelsea အသင်း ခေါင်းတိုက်ဂိုးမသွင်းနိုင်သေးဘူး။ နောက်ပြီး ခေါင်းတိုက်ဂိုးလည်း ပြန်မပေးရသေးဘူးဆိုတဲ့ အချက်မျိုးပေါ့။ ဒီလိုအချက်တွေသိနေရင် ပြိုင်ဘက်အသင်းက ပြင်ဆင်လို့ရသွားပြီပေါ့။ ဒီအသင်းက Counter ကောင်းတဲ့အသင်းဆိုရင် ပိတ်ကစားမှာလား၊ ဖွင့်ကစားမှာလား။ ဘယ်အချိန်မှာ ပိတ်ကစားပြီး၊ ဘယ်အချိန်မှာ ဖွင့်ကစားမလဲ။ ပိတ်ကစားရင် ဘယ်သူတွေကိုကပ်ထားပြီး ဖွင့်ကစားရင် ဘယ်သူတွေကိုထိန်းထားရမလဲဆိုတာတွေအားလုံးက ဗျူဟာတွေပဲပေါ့။'

'ဒါဆို ဒီလိုသတင်းအချက်အလက်တွေကို ဘယ်လိုရနိုင်မလဲ အစ်ကို။'

'ကျွန်တော်တို့လူမျိုးက စနစ်တကျမှတ်တမ်းမှတ်ရာနဲ့လုပ်တဲ့အပိုင်း Documentation နေရာမှာအားနည်းကြတယ်။ ရေရှည်အတွက်လည်း မလုပ်နိုင်ကြဘူး။ သူများနိုင်ငံတွေမှာတော့ ဝါသနာအရရော၊ အသက်မွေးဝမ်းကျောင်းအရပါ အချက်အလက်တွေစုပြီး စောင့်ကြည့်နေရတဲ့သူတွေရှိတယ်။ ဥပမာဆိုရင်တော့ OPTA ဆိုတဲ့ Sport Data ကုမ္ပဏီလေးပေါ့။ ဒီကုမ္ပဏီကို ၂၀၀၁ ခုနှစ်ကမှစတည်ထောင်ခဲ့ပေမယ့် အခုအတော်အောင်မြင်နေပြီ။ သူတို့ကုမ္ပဏီရဲ့ အချိန်ပိုင်း၊ အချိန်ပြည့် ဝန်ထမ်းတွေက ကမ္ဘာ့နိုင်ငံပေါင်း ၇၀ လောက်က အားကစားနည်းအမျိုး ၃၀ လောက်ကိုစောင့်ကြည့်နေကာ၊ သူတို့က စောင့်ကြည့်ပြီးရလာတဲ့ အချက်အလက်တွေကို Analysis လုပ်တယ်။ ဒီအချက်အလက်တွေကိုအခြေခံပြီး ခန့်မှန်းချက် (Prediction) တွေထုတ်တယ်။ ဒီတော့ သူတို့ရဲ့အချက်အလက်တွေနဲ့ ခန့်မှန်းချက်တွေကို ESPN တို့၊ Sky Sports တို့လိုရုပ်သံကုမ္ပဏီကြီးတွေက ဝယ်ရတယ်။ လောင်းကစားဒိုင်တွေကိုလည်း ရောင်းပေးတယ်။ Chelsea နဲ့ Man City ကန်ရမယ်ဆို သူက Chelsea ရဲ့အချက်အလက်တွေကို Man City ကိုရောင်းပြီး၊ Man City ရဲ့သတင်းတွေကိုလည်း Chelsea ကိုပြန်ရောင်းတယ်။ ဒီတော့ သူတို့ကုမ္ပဏီအောင်မြင်သွားတာပေါ့။'

'သတင်းအချက်အလက်တွေ ရောင်းစားတာပေါ့နော်အစ်ကို။'

'ဟုတ်တယ် ကိုနေရဲရဲ့။ သတင်းသက်သက်ရောင်းတာမဟုတ်ဘူး။ ခွဲခြမ်းစိတ်ဖြာပြီးသား အချက်အလက်တွေကိုရောင်းတာ။ သူတို့ကုမ္ပဏီမှာ Analysis လုပ်တဲ့နေရာမှာ ကျွမ်းကျင်တဲ့သူတွေရှိတယ်။ စာရွက်ပေါ်ကသတင်းတွေက ခွဲခြမ်းစိတ်ဖြာလေ့လာတတ်သူတွေ လက်ထဲရောက်သွားရင် တန်ဖိုးမဖြတ်နိုင်တဲ့အချက်အလက်တွေဖြစ်သွားရော။ လူတိုင်းသိတဲ့အချက်အလက်တွေကိုပဲ ခွဲခြမ်းစိတ်ဖြာပြီး စနစ်တကျသုံးသပ်လိုက်တဲ့အခါ ရလာတဲ့အချက်အလက်တွေက ဆုံးဖြတ်ရမယ့်သူတွေကို အများကြီးအထောက်အကူဖြစ်စေတာပေါ့။'

'အကြံပိုင်လိုက်တာနော်။ ဒီစီးပွားရေးလုပ်ငန်းက အသစ်ပေါ့။'

'အင်း ညီမလေး။ ကိုကြီးကတော့ သူတို့တွေကိုတွေးတတ်လိုက်တာ၊ လုပ်တတ်လိုက်တာလို့ပဲ တွေးနေမိတယ်။ လူတွေမှာ အပြိုင်အဆိုင်စိတ်တွေရှိနေသမျှ၊ အပြိုင်လုပ်ရတဲ့ပြိုင်ပွဲတွေရှိနေသမျှ ဒီစီးပွားရေးက ကြီးသထက်ကြီးလာဦးမှာပဲ။ ကိုကြီးတို့တောင် ဝင်လုပ်ရင်ကောင်းမလားစဉ်းစားနေတာ။'

'ကျွန်မတို့ကော လုပ်လို့ရလား။ လုပ်လို့ရရင် လုပ်ကြမယ်လေ။'

'ဒါမျိုးလုပ်နိုင်ဖို့ဆိုရင် သတင်းတွေကို မှန်မှန်သိဖို့ကလည်း အရေးကြီးသေးတယ် ဖြူလဲ့ရဲ့။ ကိုယ်ရတဲ့သတင်းကမှားနေရင် ဒီသတင်းပေါ်အခြေခံပြီး Analysis လုပ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ဒီတော့ သတင်းမှန်ရအောင် ကြိုးစားရမယ်။ ဒါကလည်း စစ်တမ်းတွေ၊ Assessments တို့၊ Poll တို့ မကြာခဏလုပ်ပေးရမယ်။ ရလာတဲ့ရလဒ်ကို ခွဲခြားစိတ်ဖြာလိုက်ရင် ဘာကဘယ်လိုဦးတည်နေပြီဆိုပြီး သိလာမှာပဲ။ ဒီတော့ ဘာလုပ်သင့်တယ်ဆိုတဲ့ အဖြေထွက်လာလိမ့်မယ်။ စိစစ်တဲ့နေရာမှာလည်း သူများတွေကိုချည်း မသုံးသပ်ဘဲ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မေးဖို့လိုတယ်။ သူများတွေကို မညာသလို ကိုယ့်ကိုယ်ကိုယ်လည်း မညာဖို့လိုတယ်။ ဒီလို Analysis လုပ်နိုင်ရင် ဘယ်အလုပ် လုပ်လုပ် သူများထက်ကျွမ်းကျင်မှုပိုရလာမယ်။ ပိုအောင်မြင်နိုင်မယ်ပေါ့။ ကဲ Analysis လုပ်တဲ့အကျင့်လေး စကြည့်ကြမလား။'

'စမယ်လေ အစ်ကို။ ဘာကို စစ်တမ်းကောက်ရမလဲ။'

'ကဲဒါဆို ဝန်ထမ်းတွေခွင့်အယူဆုံးလက ဘာလလဲ။ ခွင့်မယူဆုံးလကကော ဘာလလဲ။'

'ဒါလေးများ အစ်ကိုရယ်။ ခွင့်အယူကြဆုံးလက ဒီဇင်ဘာလ။ ခွင့်မယူဆုံးလက ဧပြီလ။'

ညီမလေးလဲ့လဲ့စကားကြောင့် အားလုံးရယ်မောမိပါတော့သည်။

**ဆန်းထက်လွင်**

## ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၁၆၈) ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့ နံနက် ၁၀ နာရီကကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေးက ပြည်သူများကိုယ်စားလမ်းခင်းပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်အလံအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအား ပေးအပ်သည်။



ထို့နောက်လမ်းသစ်အား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဒုတိယဌာနမှူး ဦးစိုးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်အင်ဂျင်နီယာ (လမ်း၊ တံတား) ဌာနခရိုင်မှူး ဦးကြင်အုန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်းနှင့် မြို့နယ်စက်မှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ညွန့်လွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။ အမှတ် (၁၆၈)၊ ကနောင်မင်းသားကြီးလမ်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်း၏ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်နိုင်ဦးက ကွန်ကရစ်လမ်း အကျယ် ၂၂ ပေ၊ ထု ၁ ပေ၊ လမ်းအရှည်ပေ ၂,၀၀၀ အားခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**ရွှေတိုင်လွင်**

## အပြည်ပြည်ဆိုင်ရာခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၇ ပြပွဲကျင်းပမည်

အပြည်ပြည်ဆိုင်ရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ တိုးတက်စေရန်အတွက် Myanmar Tourism Federation ၏ပံ့ပိုးမှုဖြင့်ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၇ ပြပွဲကြီးကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၃ ရက်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ပြပွဲကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ပြည်တွင်းခရီးသွားလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်မြှင့်တိုးတက်လာစေရန်၊ နိုင်ငံတကာခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများကို ပိုမိုဆောင်ရွက်လာနိုင်စေရန်၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပိုမိုသိရှိလာစေရန် ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်းတွင် စုံလင်စွာရရှိနိုင်စေရန်ဖြစ်သည်။

ခရီးသွားဝန်ဆောင်မှုပြပွဲများ ပြုလုပ်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံခြားဝင်ငွေများတိုးတက်ရရှိလာနိုင်ခြင်း၊ ခရီးသွားနှင့်ဆက်နွှယ်နေသော ပြည်တွင်းစီးပွားရေးကဏ္ဍအသီးသီးတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း၊ ခရီးသွားနှင့်ဆက်စပ်နေသောနေရာဒေသများ၏ တိုးတက်မှုများကိုလည်းများစွာ အထောက်အကူပြုစေမည့်အပြင် မြန်မာ့ရေမြေသဘာဝအလှအပများ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုလည်း နိုင်ငံတကာမှ ပိုမိုသိရှိလာစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ **KMC**



## ပုဂံဘုရားများကို ခွင့်ပြုချက်မရဘဲပြုပြင်လျှင် အရေးယူမည်

ငလျင်ဒဏ်ကြောင့်ပြိုပျက်နေသော ပုဂံဘုရားများကိုမည်သည့်အဖွဲ့အစည်းကမှ ခွင့်ပြုချက်မရဘဲ ပြုပြင်ခြင်းမပြုရန်နှင့် ပြုပြင်မှုတစ်စုံတစ်ရာပြုလုပ်ပါက အရေးယူမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပုဂံရှေးဟောင်းသုတေသနဌာနခွဲက ညွှန်ကြားချက်ထုတ်ပြန်သည်။

၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၅ ခုနှစ်ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ပုဂံရှေးဟောင်းစေတီများပြုပြင်လိုပါက နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှတစ်ဆင့် ကြိုတင်ခွင့်ပြုချက်တင်ပြပြီး ခွင့်ပြုမှသာဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ပါဝင်သည်။

ငလျင်ဖြစ်ပွားပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများကို ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများနှင့် ဂေါပကများမှပြုပြင်ခြင်းကို ခွင့်မပြုဘဲ နိုင်ငံတော်ကကြီးကြပ်၍ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ်လတွင်လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ရာနှင့်ချီပြိုပျက်သွားသော ဘုရားစေတီပုထိုးများကို ပရဟိတအဖွဲ့အချို့နှင့် ဂေါပကအချို့က ပြုပြင်ရန်စီစဉ်နေမှုများကြောင့် အဆိုပါထုတ်ပြန်ချက်ကို ထုတ်ပြန်ရခြင်းဖြစ်ကြောင်းသိရသည်။ **နေရဲ**

## မြောက်ဥက္ကလာပ တံတားလေးလမ်းဝ အုတ်ပုံဆိပ်တံတား အသစ်ပြန်လည်တည်ဆောက်မည်



မြောက်ဥက္ကလာပ တံတားလေးလမ်းဝရှိ အုတ်ပုံဆိပ်သံလမ်းကူးတံတားမှာ အိုဟောင်းပြီး ကြံ့ခိုင်မှုအားနည်းနေသဖြင့် လာမည့် ၂၀၁၇ ခုနှစ်တွင် တံတားခုံးကျော်အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၏ပြောပြချက်အရ သိရသည်။

အဆိုပါတံတားမှာ မြောက်ဥက္ကလာပသို့ဖြတ်ပြီး ဝေဘာဂီမြို့သစ်၊ ရွှေပေါက်ကံ၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ သဃ်န်းကျွန်းကြီး၊ မြရတနာမြို့သစ်၊ ထောက်ကြန့်စသည်တို့အတွက် ဝင်ပေါက်တစ်ခုဖြစ်သည်။ အဆိုပါတံတားမှာ သက်တမ်းကြာပြီးအိုဟောင်းနေသည့် ရထားလမ်းကူးခုံးကျော်တံတားဖြစ်နေပြီး လက်ရန်းတွေကအစ ပျက်စီးယိုယွင်းနေသည့်အတွက် မကြာခဏဆိုသလိုပြင်နေရသည့်အတွက် အသစ်ပြန်ဆောက်ဖို့စီစဉ်နေကြောင်း ဝန်ကြီး ဦးမြင့်သောင်းကပြောသည်။

ယင်းတံတားကို ၁၉၇၇ ခုနှစ်ကတည်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှတာဝန်ယူတည်ဆောက်ခဲ့ပြီး ရေကူးဘူတာနှင့်တံတားလေးဘူတာအနီး ရထားလမ်းပိုင်းကိုတည်ဆောက်ခဲ့ခြင်းဖြစ်ရာ အရှည်အနံ ၈၅၃ ပေနှင့်အကျယ်ပေ ၃၀ ရှိကြောင်း သိရသည်။

**ဆွေဝင်းမောင်**

## ကျန်းမာရေးအထောက်အကူပြု Training Ground Center ဖွင့်လှစ်

ကိုယ်ကာယလေ့ကျင့်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရောဂါဝေဒနာများသက်သာလျော့ပါးစေမည့် ကျန်းမာရေးအထောက်အကူပြု Training Ground Center ကို ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနှင့် ၄၈ လမ်းထောင့်ရှိ Asia Business Center ပထမထပ်တွင် ဒီဇင်ဘာလ ၄ ရက်နေ့မှစတင်၍ ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။



'လက်ရှိမြန်မာနိုင်ငံမှာက နှစ်မိနစ်၊ သုံးမိနစ်လမ်းလျှောက်သွားရမယ့်ခရီးကို အများအားဖြင့် ကားစီးသွားကြတာတွေ့ရတယ်။ ဒါကြောင့် ခန္ဓာကိုယ်မှာမလိုလားအပ်တဲ့အဆီပိုတွေ၊ ကိုလက်စထရောတွေရှိနေပြီး အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ရောဂါရလာကြတယ်။ လေ့ကျင့်မှုမရှိရင် နှလုံးခုန်မှုမြန်တာနဲ့အမျှ မောပန်းနွမ်းနယ်မှုတွေ ခံစားရမှာပါ။ ဒီလိုအခက်အခဲမျိုးမကြုံရအောင် ကျန်းမာရေးအထောက်အကူပြု ကိုယ်ကာယလေ့ကျင့်မှုပြုလုပ်ဖို့လိုအပ်ပါတယ်။ အများအားဖြင့် Gym လို့ပြောလိုက်တာနဲ့ Body ပိုင်းဆိုင်ရာ လှပအောင်လေ့ကျင့်တယ်လို့မြင်ကြတယ်။ အမှန်က Gym က အများကြီးအဓိပ္ပာယ်ရှိတယ်။ သွေးတိုး၊ နှလုံး၊ အဝလွန်စတဲ့ရောဂါတွေဆိုတာက ဆေးသောက်ရုံနဲ့မရဘူး။ လေ့ကျင့်ခန်းလုပ်ဖို့လည်း လိုအပ်ပါတယ်။ ခြေလက်ကျိုးတဲ့သူတွေ လေဖြတ်တဲ့သူတွေအနေနဲ့လည်း ပြန်လည်သန်စွမ်းရေးအတွက် စနစ်တကျလေ့ကျင့်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် Training ကိုဖွင့်လှစ်တာပါ' ဟု Gym မှတာဝန်ရှိသူ ဒေါက်တာအောင်ထက်သူက ပြောကြားသည်။

အဆိုပါ Training Center တွင် အမေရိကန်မှမှာယူတင်သွင်းသည့် ကမ္ဘာ့အဆင့်မီ Life Fitness စက်ပစ္စည်းများတပ်ဆင်ထားပြီး လာရောက်လေ့ကျင့်ကြသူများအား International Sound System ဖြင့်ဂီတလှုံ့ဆော်၍ လန်းဆန်းတက်ကြွစွာ ပါဝင်လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ ဝင်ကြေးအဖြစ် တစ်လ အမေရိကန်ဒေါ်လာ ၁၂၀ သတ်မှတ်ထားရှိကာ ၃ လအတွက် ခုနစ်ရာခိုင်နှုန်း၊ ခြောက်လအတွက် ဆယ့်နှစ်ရာခိုင်နှုန်း၊ တစ်နှစ်အတွက် ဆယ်ခုနစ်ရာခိုင်နှုန်း Discount လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဝင်းမြင့်ဦး**

## မြန်မာ့အကောင်းဆုံးမွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့်စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲဖွင့်လှစ်

နိုင်ငံတကာကုန်စည်ပြပွဲများစီစဉ်ကျင်းပသည့် ကုမ္ပဏီအုပ်စု AMB Tarsus Events Group မှစီစဉ်ကျင်းပသည့် မြန်မာ့အကောင်းဆုံးမွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့်စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်တပ်မတော်ခန်းမ၌ ဒီဇင်ဘာလ ၇ ရက်နေ့ နံနက် ၉ နာရီ တွင်ဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။



ထို့နောက်ကုန်စည်ပြပွဲတွင် အဓိကလာရောက်ပြသထားသည့် အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ နယ်သာလန်၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ ကိုရီးယားနှင့်အခြားသောနိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်ပြသထားသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် အစေ့အဆန်အခြောက်ခံစက်များ၊ သိုလှောင်စက်များ၊ တိရစ္ဆာန်ဆေးဝါးများနှင့် အစာကြိတ်စက်များ၊ အစာထုတ်လုပ်ရာတွင် လိုအပ်သောပစ္စည်းများနှင့် အခြားသောထုတ်ကုန်မျိုးစုံတို့ကို အားပေးလေ့လာကြည့်ရှုခဲ့သည်ဟုသိရသည်။

အဆိုပါပြပွဲကို AGR 16 Livestock Myanmar ခေါင်းစဉ်ဖြင့် ဒီဇင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့ကြောင်းသိရသည်။

**သန်းဦးလှိုင်**

## အရည်အချင်းပြည့်မီသော ဧည့်လမ်းညွှန်များ ခရီးသွားလုပ်ငန်းအတွက်လိုအပ်

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရည်အချင်းပြည့်မီသော ဧည့်လမ်းညွှန်များ အထူးလိုအပ်နေကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းထံမှ သိရသည်။ ဧည့်လမ်းညွှန်များ၏ အရည်အချင်းမပြည့်ဝမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများကိုလျှော့ချနိုင်စေရေးအတွက် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းအနေဖြင့် သင်တန်းများဖွင့်ပြီး သင်ကြားပေးသွားမှာဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ဦးက 'ဧည့်လမ်းညွှန်နှစ်မျိုးရှိတယ်။ Regional Guide နဲ့ National Guide ဆိုပြီးရှိတယ်။ Regional Guide တွေကို National Guide အဖြစ် လုပ်မယ်ဆိုပြီးသိရတယ်။ ဒီလိုမျိုးလုပ်တာကို ဒီအတိုင်းဝင်ခွင့်ပေးဖြေပြီးတော့မှ အောင်သွားတာမျိုးဆိုရင် သူ့အနေနဲ့က ဥပမာ-ပုဂံဆိုရင် ပုဂံဒေသလောက်ပဲသိနိုင်တာလေ။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ကျတော့ သူမသိနိုင်ဘူး။ အဲဒါကြောင့် သူတို့ကိုသင်တန်းတွေနဲ့ စနစ်တကျသင်ပေးစေချင်တယ်။ ဒီလိုမှမဟုတ်ရင် Quality Guide မဖြစ်နိုင်ဘူး။ တကယ်လို့ အဖွဲ့အကြီးကြီးဖြစ်ဖြစ်လာမယ်။ အရေးကြီးတဲ့အဖွဲ့တွေလာမယ်ဆိုရင် Quality Guide ကိုပဲ လိုချင်ကြတယ်။ ဒါကြောင့် Quality Guide ဖြစ်အောင်လို့ ကျွန်မတို့ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းအနေနဲ့ သင်တန်းတွေဖွင့်ပြီးတော့ သူတို့တွေကိုကူညီပေးချင်ပါတယ်' ဟုပြောသည်။

မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ လိုင်စင်ရဧည့်လမ်းညွှန်များက အဆိုပါသင်တန်းတွင်သင်ကြားပေးသွားမည်ဖြစ်ပြီး လာမည့် ၂၀၁၇ ခုနှစ်၊ မေလနောက်ပိုင်းမှာ ဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်းသိရသည်။ ဒေါ်ဆွေဇင်ဦးက 'မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှာ လိုင်စင်ရဧည့်လမ်းညွှန်တွေ၊ အမှန်အကယ်အရည်အချင်းပြည့်ဝတဲ့ ဧည့်လမ်းညွှန်တွေရှိပါတယ်။ သူတို့က မိုးတွင်းကာလရောက်မှအားကြတာကြောင့် မေလနောက်ပိုင်းလောက်မှာဖွင့်သွားဖို့လည်း စီစဉ်နေပါတယ်' ဟု ဆက်လက်ပြောကြားသည်။

**အောင်ကြည် (ရွှေဘို)**

## အိမ်ခြံမြေအရောင်းပြပွဲကြီး ကျင်းပ




imyanmar House.com မှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီးအား ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအရောင်းပြပွဲကြီး၌ ငွေကျပ်သိန်း ၁၀၀ မှစသော တိုက်ခန်းများ၊ ငွေကျပ်သိန်း ၂၀၀ ကျော်မှစသော ဂရန်မြေကွက်များ၊ ငွေကျပ်သိန်း ၆၀၀ ကျော်မှစသော ကွန်ဒိုများကိုရောင်းချပေးသွားရန်ရှိပြီး အထူးဈေးနှုန်းဖြင့်အရစ်ကျဝယ်ယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးထားကြောင်းသိရသည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရောင်းရန်၊ ငှားရန်ရှိသော အိမ်၊ ခြံ၊ မြေများကိုလည်း အဆိုပါအရောင်းပြပွဲကြီး၌ လေ့လာသိရှိနိုင်ပြီး အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း အဆိုပါပွဲတော်ကျင်းပသည့်ရက်အတွင်း ပညာရှင်များက ရှင်းလင်းဟောပြောခဲ့ကြောင်းသိရသည်။

**KH**

## ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းရန် တောင်သူများမျှော်လင့်

စစ်ကိုင်းမြို့နယ်အတွင်းရှိကျေးရွာများမှ ပဲစင်းငုံစိုက်တောင်သူများသည် ယခုနှစ်မိုးကောင်းသဖြင့် ပဲစင်းငုံများအောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမည်ဟု မျှော်လင့်လျက်ရှိကြောင်းသိရသည်။

ကျေးရွာများရှိ ကုန်းစောင်းများနှင့်ယာမြေများသည် မိုးကိုသာမျှော်၍စိုက်ပျိုးကြရပြီး တချို့ကျေးရွာများမှာ စိုက်ပျိုးပြီးရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် စိုက်ပြီးသီးနှံတချို့ ပျက်စီးဆုံးရှုံးမှုရှိခဲ့သော်လည်း ပဲစင်းငုံစိုက်ခင်းများအနေဖြင့် အောင်မြင်ဖြစ်ထွန်းကြကြောင်းသိရသည်။

ကုန်းအမြင့်ပိုင်းနှင့်ယာမြေပိုင်ဆိုင်သူ တောင်သူများအနေဖြင့် အပင်သက်တမ်းရှည်သောပဲစင်းငုံကို အထူးသဖြင့်အားထားစိုက်ပျိုးကြသည်မှာ ရိတ်သိမ်းပြီးအရွက်နှင့်သီးလုံးမှော်ကို နွားစာအဖြစ်အသုံးပြုပြီး ပင်စည်ကိုမီးဖိုချောင်သုံး ထင်းနှင့်အိမ်ခြံစည်းရိုးကာရံရာတွင် အသုံးပြုနိုင်သောကြောင့်ဖြစ်သည်။


ပဲစင်းငုံအနီနှင့်အဖြူနှစ်မျိုးအနက်မှ အနီမျိုးကိုအဓိကထားစိုက်ကြပြီး မြေပဲနှင့်ဝါစိုက်ခင်းများတွင် သီးညှပ်အဖြစ်ထည့်စိုက်သလို သီးသန့်လည်းစိုက်ကြကြောင်း ရွာသစ်မှတောင်သူတစ်ဦးကပြောသည်။

**ဝင်းမြင့်ဦး**

## နှစ်ပေါင်း ၉၉ သန်းက ဒိုင်နိုဆောအမြီး မြန်မာပြည်ကရရှိခဲ့

မြန်မာနိုင်ငံမြောက်ပိုင်းကနေ တရုတ်ပညာရှင်တစ်ဦး ပြီးခဲ့တဲ့နှစ်က ဝယ်ယူခဲ့တဲ့ပယင်းကျောက်တစ်ခုအတွင်းကရုပ်ကြွင်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၉၉ သန်းခန့်က ရှင်သန်ခဲ့တဲ့ ဒိုင်နိုဆော သတ္တဝါငယ်တစ်ကောင်ရဲ့အမြီးဖြစ်တယ်လို့ Current Biology မျက်မှောက်ဇီဝဗေဒဂျာနယ်မှာ ဖော်ပြထားပါတယ်။

(Lida Xing) လီဒါရှင်းဟာ ဘေဂျင်းမြို့ ဘူမိသိပ္ပံတက္ကသိုလ်က ပညာရှင်ဖြစ်ပါတယ်။ သူနဲ့အတူ ဗြိတိန်နဲ့ကနေဒါတက္ကသိုလ်တွေမှာရှိတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်တွေက အဲဒီပယင်းထဲက အမြီးကိုသုတေသနပြုပြီးနောက် ဒါဟာ ဒိုင်နိုဆောအသေးစားလေးတစ်ကောင်ရဲ့အမြီးပဲလို့ အဖြေထုတ်ခဲ့ကြပါတယ်။ စာ



အမွေးအမျှင်တွေပါဝင်တဲ့ ဒိုင်နိုဆောအမြီးပိုင်းဟာ ၃.၇ စင်တီမီတာအရှည်ရှိပြီး အဲဒီပယင်းကျောက်ကို (Lida Xing) လီဒါရှင်းဆိုတဲ့ တရုတ်ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်က မြစ်ကြီးနားမြို့ ဈေးဆိုင်တစ်ခုကနေရရှိသွားခဲ့တာပါ။ ဈေးသည်က အဲဒီပယင်းကျောက်ထဲကအရာဟာ သစ်ပင်တစ်ပင်ရဲ့အပိုင်းအစလို့ ပြောပေမယ့် အနှစ် ၃၀ လေ့လာမှုအတွေ့အကြုံရှိတဲ့ တရုတ်ပညာရှင်ကတော့ အဲဒီအမွေးအမျှင်တွေပါတဲ့အစအနဟာ သစ်ပင်က မဟုတ်ဘူးဆိုတာ ချက်ချင်းသိတယ်လို့ဆိုပါတယ်။

ကလေးငှက်လောက်ပဲရှိတဲ့ အဲဒီဒိုင်နိုဆောလေးဟာ ကမ္ဘာကျော် Jurassi Park ရုပ်ရှင်ထဲက မီးဖိုချောင်ထဲမှာ ကလေးတွေနောက်ကလိုက်နေခဲ့ တဲ့ ဒိုင်နိုဆောငယ်တွေနဲ့ အမျိုးချင်းအတော်နီးစပ်တယ်လို့ဆိုပါတယ်။ နှစ်ပေါင်း ၉၉ သန်းက ဒိုင်နိုဆောအမြီးကို မြန်မာပြည်က ပယင်းကျောက်ထဲမှာ တွေ့ရှိခဲ့တဲ့သတင်းကို ကမ္ဘာ့မီဒီယာတွေက ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနေကြပါတယ်။

Source: RFA Burmese

KH

## စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီများထုတ်လုပ်သည့် ခေတ်မီထုတ်လုပ်မှုနည်းစဉ်များ ဟောပြော



စားအုန်းဆီ၊ မြေပဲဆီ၊ နှမ်းဆီများထုတ်လုပ်သည့် ခေတ်မီထုတ်လုပ်မှုနည်းစဉ်များနှင့် Filter System အကြောင်း ဟောပြောပွဲကို ဒီဇင်ဘာလ ၆ ရက်နေ့၊ နံနက် ၁၀ နာရီခွဲက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ၈၆ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ မန္တလေးပွဲစားကုန်သည်စက်ပိုင်များအသင်းခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ ပွဲစားကုန်သည်စက်ပိုင်များအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ဆီကုန်သည်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးပွဲစားကုန်သည်စက်ပိုင်များအသင်းဥက္ကဋ္ဌ ဦးသက်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကြီးက စားသုံးဆီထုတ်လုပ်ခြင်းခေတ်မီနည်းစနစ်များအကြောင်း ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မလေးရှားနိုင်ငံ၊ စိုက်ပျိုးရေးဌာန စားသုံးဆီထုတ်လုပ်မှုနည်းပညာဌာနခွဲမှ ပညာရှင်က ကမ္ဘာလုံးဆိုင်ရာစားသုံးဆီသုံးစွဲမှုအခြေအနေ၊ စားသုံးဆီခေတ်မီထုတ်လုပ်မှုနည်းစဉ်များနှင့် Filter System အကြောင်းတို့ကို ပရိဂျက်တာဖြင့်ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်ဆီလုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## သီလဝါစက်မှုဇုန်၌ သတ္တုပုံဖော်စက်ရုံစတင်တည်ဆောက်



ကမ္ဘာ့ဦးဆောင်သတ္တုလွှာဖုံး Coated နှင့် အရောင်ခြယ် Painted စတီးလ်ထုတ်လုပ်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် Bluescope Australia မှ ရန်ကုန်မြို့၊ သန်လျင်မြို့နယ်ရှိ သီလဝါစက်မှုဇုန်တွင် ပထမဦးဆုံးဆောက်လုပ်မည့်သတ္တုပုံဖော်စက်ရုံအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းသိရသည်။

နောက်ဆုံးပေါ် နည်းပညာသတ္တုပုံဖော်စက်ရုံကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဆောက်လုပ်လျက်ရှိပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင်ပြီးစီး၍ စတင်လည်ပတ်နိုင်မည်ဟုသိရသည်။ အဓိကရည်မှန်းချက်မှာ ၀.၃၅-၀.၄၈ မီလီမီတာနှင့် ၁.၀-၃.၂ မီလီမီတာအထူရှိသော စတီးအမိုးပြားများနှင့် စတီးနံရံကာများ ထုတ်လုပ်ရန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍအတွက် အဓိကရည်ရွယ်ထုတ်လုပ်ဖြန့်ချီမည်ဖြစ်ကြောင်းသိရသည်။ အရည်အသွေးအကောင်းဆုံး သတ္တုစပ်အလွှာဖြင့်ဖုံးအုပ်ထားသော စတီးလ်ပစ္စည်းများဖြစ်သည့် နာမည်ကြီးအမှတ်တံဆိပ် ZINCALUME နှင့် COLORBOND Steels, Bluescope Zacs စသည်တို့ကို အသုံးပြုထားကြောင်းသိရသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတော်အစိုးရနှင့်ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံနှင့်စီးပွားရေးလုပ်ငန်းပရောဂျက်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့်လူနေအဆောက်အအုံအတွက် ဈေးကွက်အခွင့်အလမ်းတွေရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏တိုးတက်မှုနှင့်ဖွံ့ဖြိုးမှုအစိတ်အပိုင်းတစ်ခုဖြစ်လာမည့်အပြင် ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ဝင်ငွေရရှိစေနိုင်ပြီး လုပ်ငန်းခွင်ဆိုင်ရာကျွမ်းကျင်မှုတွေ တိုးတက်လာပြီး လူနေမှုဘဝ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဦးလှိုင်**

## CB Bank များတွင် MPT ဆင်းမ်ကတ်မှတ်ပုံတင်နိုင်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT နှင့် CB Bank တို့လက်တွဲ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ CB ဘဏ်ခွဲများတွင် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း MPT မှသိရသည်။

အဆိုပါမှတ်ပုံတင်ခြင်းကို နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ဆောင်ရွက်နိုင်ပြီဖြစ်ရာ လက်ရှိ CB Bank (၂၄) ခုတို့တွင် မှတ်ပုံတင်နိုင်ပြီဖြစ်ကြောင်းသိရသည်။ MPT အသုံးပြုသူများသည် CB ဘဏ်ခွဲများတွင် ဆင်းမ်ကတ်မှတ်ပုံတင်ပြီး Bank Account ဖွင့်ခြင်းဖြင့် CB Bank မှ ပေးသော MPT ငွေဖြည့်ကတ်လက်ဆောင်ကို ရယူနိုင်မည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က ထုတ်ပြန်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ညွှန်ကြားချက်အရ ဆင်းမ်ကတ်အားလုံးကို ၂၀၁၇ ခုနှစ်၊ မတ်လနောက်ဆုံးထား၍ မှတ်ပုံတင်ရမည်ဖြစ်ကြောင်းသိရသည်။

**မောင်သင်းမိုး**

# နိုင်ငံတကာဆောက်လုပ်ရေးနည်းပညာနှင့် ခေတ်မီနေထိုင်မှုပြပွဲကျင်းပ

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) မှ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတကာဆောက်လုပ်ရေးနည်းပညာနှင့် ခေတ်မီနေထိုင်မှုပြပွဲဖွင့်ပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့၊ နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးမျိုးသစ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးထွန်းကြည်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးအောင်သန်းတို့ တက်ရောက်အားပေးပြီး ပြပွဲကိုဖွင့်လှစ်ပေးသည်။



နိုင်ငံတကာဆောက်လုပ်ရေးနည်းပညာနှင့်ခေတ်မီနေထိုင်မှုပြပွဲတွင် တရုတ်၊ အိန္ဒိယ၊ ဂျာမနီနိုင်ငံများမှတင်သွင်းသော အိမ်သုံး၊ စက်ရုံသုံးဆိုလာများ၊ အင်ဗာတာများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးအားမြှင့်စက်များ၊ ခေတ်မီမီးငြိမ်းသတ်ကိရိယာများ၊ အလူမီနီယံတံခါးများ၊ ခြင်လုံသံဇကာများ၊ အလိုအလျောက်ဖွင့်ပိတ်တံခါးများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အုတ်အစားထိုးကွန်ကရစ်တုံးများ၊ သုတ်ဆေးအမျိုးမျိုး၊ သစ်အချောထည်ပစ္စည်းများ၊ ပါကေးများ၊ အမေရိကန်နိုင်ငံမှတင်သွင်းသော ခေတ်မီပရိဘောဂများ၊ စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ အင်တာနက်ဆက်သွယ်ရေးပစ္စည်းများအား ကုမ္ပဏီများမှဈေးကွက်မိတ်ဆက်အထူးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ ပြပွဲကို ဒီဇင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၆ နာရီအထိ ပြသခဲ့ကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

# မန္တလေးမြို့တွင် ပေါက်ကွဲစေတတ်သောပစ္စည်းများ ဖမ်းမိ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အမှတ် (၂၉၄) ကျောင်းကုန်းရပ်ကွက်တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့၊ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်က လျှပ်စစ်ဒီတိုနေတာများ သိုလှောင်ထားကြောင်း သတင်းအရရှာဖွေရာပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မူခင်းအကူဌာနစုမှ ဒုတိယရဲမှူးဌေးမြင့်နှင့်အဖွဲ့၊ အမှတ် (၇) နယ်မြေရဲစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ် (၉၁၀) စစ်မြေပြင်အင်ဂျင်နီယာတပ်မတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောင်းဝင်းအတွင်းရပ်ထားသော MDY-8H/......... လိုက်ထရပ်ယာဉ်ရှေ့ခန်းတွင် သူရိန်ဖြိုး (ခ) သူရိန်အားတွေ့ရပြီး နောက်ခန်းတွင်တင်ဆောင်ထားသော အမိုးနီးယားနိုက်ထရိတ်မြေဆီအိတ် ၄ အိတ်အနက် မြေဆီအိတ်တစ်အိတ်အတွင်းမှ ရောင်စုံဝါယာကြိုးများတပ်ဆင်ထားသော တရုတ်နိုင်ငံထုတ် ဒီတိုနေတာလျှပ်စစ်စနစ်တံ ၂၀၀ ချောင်း၊ ကိုရဲစိမ်းအောင်နေထိုင်သော အဆောက်အအုံ မြေအောက်ခန်းမှ ရောင်စုံဝါယာကြိုးများတပ်ဆင်ထားသည့် တရုတ်နိုင်ငံထုတ် ဒီတိုနေတာ ၁၃၁ ချောင်း၊ အိန္ဒိယနိုင်ငံထုတ် SOD တံဆိပ် မီးရှို့ဒီတိုနေတာ ၁၇၃ ချောင်းအား ဂုပ်ဘူးအတွင်းထည့်လျက်လည်းကောင်း၊ လူမနေသည့်အဆောက်အအုံအတွင်း ပီနံအိတ်ချုပ်စက် ၂ လုံး၊ မီးပလပ်ခုံပါ မီးကြိုးတစ်ချောင်း၊ ဒစ်ဂျစ်တယ်ကတ္တားတစ်လုံး၊ ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့် ရောစပ်အသုံးပြုရသော မြေဆီအိတ် ၂၅၀ အိတ်၊ အဖြူရောင် MDY-5E/..........ယာဉ်တစ်စီးအား သိမ်းဆည်းရမိသဖြင့် အမှတ် (၇) နယ်မြေ ရဲစခန်းက (ပ) ၄၇၇/၂၀၁၆ ပေါက်ကွဲစေတတ်သောပစ္စည်းများ အက်ဥပဒေပုဒ်မ (၅) အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။



**မောင်ပြည့်သူ (မန္တလေး)**

# ရန်ကုန်နှင့်ဖူခုအိုကာ ညီအစ်မမြို့တော်အဖြစ် သတ်မှတ်မည်

ဂျပန်နိုင်ငံရဲ့ ၅ ခုမြောက်အကြီးဆုံးမြို့တော်ဖြစ်တဲ့ ဖူခုအိုကာမြို့ကို ရန်ကုန်မြို့နဲ့ညီအစ်မမြို့တော်အဖြစ်နှစ်နိုင်ငံတာဝန်ရှိသူတွေ လက်မှတ်ရေးထိုးသတ်မှတ်ကြတော့မှာပါ။

မြို့တော်နှစ်ခုအကြား ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာတွေကို အတွေ့အကြုံဖလှယ်ပူးပေါင်းဆောင်ရွက်သွားဖို့အတွက် ဒီလိုသတ်မှတ်ဆောင်ရွက်တာလို့ ဖူခုအိုကာမြို့တော်ဝန်က ပြောပါတယ်။



အခုလိုသတ်မှတ်ဆောင်ရွက်မှုကြောင့် ဒေသခံလုပ်ငန်းရှင်တွေအကြားနှစ်ဦးနှစ်ဖက်ကုန်သွယ်မှုတွေတိုးတက်အောင်မြင်မယ်လို့မျှော်လင့်ထားပြီး ယခုဘဏ္ဍာရေးနှစ်ကစလို့ ရန်ကုန်မြို့တော်ရဲ့အခြေခံအဆောက်အဦတွေပြုပြင်တည်ဆောက်ရေးနဲ့ ရေဆိုးရေညစ်စွန့်ပစ်ရေးအကူအညီတွေကို ၂ နှစ် ပံ့ပိုးပေးသွားမယ်လို့ဆိုပါတယ်။

ဒီလိုညီအစ်မမြို့တော်အဖြစ်သတ်မှတ်ဖို့ ၂၀၁၅ ခုနှစ် နွေရာသီပိုင်းက ဆွေးနွေးမှုတွေစတင်ခဲ့တယ်လို့သိရပါတယ်။ Source-DVB

**KH**

# မှိုဆိပ်ပါဝင်ရပ်သီး အမှတ်တံဆိပ် ၉ မျိုး ဈေးကွက်မှဖယ်ရှား



မှိုဆိပ် (Aflatoxin B1) ပါဝင်သည့် ငရုပ်သီးအမှတ်တံဆိပ် ၉ မျိုးကို ဈေးကွက်ထဲမှ ပြန်လည်ရုပ်သိမ်းဖို့ ရန်ကုန်တိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ညွှန်ကြားထားကြောင်း သိရသည်။

မှိုဆိပ်ပါ ငရုပ်သီးအမှတ်တံဆိပ် ၉ မျိုးမှာ ဒေါ်တင် (ဆင်ဖြူကျွန်း)၊ OK ထွန်း၊ မြို့မဆင်ဖြူတော်၊ ဖိုးဝငရုပ်သီးမှုန့်၊ မြန်မာရနံ့၊ ဒေါ်ထွေး၊ မခင်အေး (မော်လမြိုင်)၊ KSS ငရုပ်သီးမှုန့်နှင့် ဘုတ်ဆုံမငရုပ်သီးမှုန့်တို့ ဖြစ်ကြောင်းသိရသည်။ Source:DVB

**KH**

## Air Force One လေယာဉ်ထုတ်လုပ်မှုဖျက်သိမ်းရန် ထရမ့်တောင်းဆို




အမေရိကန်သမ္မတတွေသုံးစွဲတဲ့ Air Force One လေယာဉ်တွေဟာ အကုန်အကျများလွန်းလို့ ထုတ်လုပ်မှုတွေဖျက်သိမ်းရန် အရွေးကောက်ခံသမ္မတလောင်း ဒေါ်နယ် ထရမ့်က သူ့ရဲ့တွစ်တာကနေ တောင်းဆိုလိုက်ပါတယ်။ တစ်စီးကို အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ကုန်ကျပေမယ့် အမေရိကန်အစိုးရက ဘိုးရင်းလေယာဉ်ကုမ္ပဏီနဲ့ လေယာဉ်သစ်နှစ်စီးမက စာချုပ်ချုပ်ထားတယ်လို့ဆိုပါတယ်။ Air Force One တစ်စီးတန်ဖိုးက အရပ်သုံး 747-8 နှစ်စီးစာနဲ့ညီမျှတယ်လို့ သိရပါတယ်။ အရှည် 70.6 m ရှိပြီး တောင်ပံအလျားက 59.6 m ရှိပါတယ်။ အကွာအဝေးကြိုက်သလောက် ပျံသန်းနိုင်ပြီး လေထဲမှာတင်ဆီဖြည့်နိုင်ပါတယ်။ အထပ်သုံးထပ်ပါပြီး ရုံးခန်း၊ အားကစားခန်းနဲ့ လူတစ်ရာတစ်ပြိုင်တည်းကျွေးနိုင်တဲ့ စားသောက်ခန်းနှစ်ခုပါတယ်။ ဧရိယာ 4000 Sq/ft ကျယ်တယ်လို့ဆိုတယ်။ လက်ရှိသုံးနေတဲ့ Air Force One ကို သမ္မတဂျော့ဒဗလျူဘွတ်က ၁၉၉၀ ပြည့်နှစ်မှာစတင်စီးခဲ့ပြီး အခုတည်ဆောက်နေတဲ့ Air Force One လေယာဉ်သစ်တွေကို ၂၀၂၄ ခုနှစ်တွင် စတင်သုံးစွဲမှာဖြစ်တယ်လို့ သိရပါတယ်။

Source-DVB,Dr.Tin Shwe post.

**KH**

## အိအိချွန်၊ အိအိမွန်တို့၏ အပျိုတော်ဂမ္ဘီရ DVD Live show ထွက်ပြီး




တေးပြုစာဆို မြန်မာဆိုင်းပညာရှင်ထပ်ဆင့်အကယ်ဒမီ စိန်မွတ္တာတစ်ကိုယ်တော်ရေးဖွဲ့ထားသည့် မြန်မာဟန်ပြုတေးသီချင်းစုများအား ဦးမြင့်သန်း (မြန်မာ့အသံ) စီစဉ်၍ အိအိချွန်၊ အိအိမွန်တို့သီဆိုထားသည့် 'အပျိုတော်ဂမ္ဘီရ' CD, DVD Live show တေးသီချင်းခွေကို ရတနာစိန်တေးထုတ်လုပ်ရေးမှစီစဉ်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။

'ဒီသီချင်းလေးတွေ စုဆောင်းထားတာခြောက်နှစ်ကျော်၊ ခုနစ်နှစ်ရှိပါပြီ။ ဆရာစိန်မွတ္တာကျန်းမာရေးကောင်းမယ့်အချိန်ကို ငဲ့ညှာပြီး စိတ်ရှည်ရှည်ထားစောင့်ခဲ့ရတာပါ။ မြန်မာ့ဂီတအနှစ်သာရဖြစ်သလို ဇာတ်ပွဲထွက်ရင် အပျိုတော်ပါစမြဲမို့ အပျိုတော်သီချင်းနဲ့ဂီတဂမ္ဘီရသီချင်းနှစ်ပုဒ်ကိုပေါင်းစပ်ပြီး Title လုပ်ထားတာပါ။ သမီးတွေလည်း အနုပညာဝမ်းစာပြည့်လာမယ့်အချိန်မို့ နားထောင်တဲ့သူတိုင်း ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်။ မန္တလေးမြို့၊ ရွှေဘိုမြို့၊ မုံရွာမြို့၊ မင်းကွန်းမြို့ဂုဏ်ဆောင်သီချင်းတွေလည်း ထည့်သွင်းထားပါတယ်' ဟု စီစဉ်သူ ဦးမြင့်သန်းကပြောကြားသည်။

အဆိုပါတေးစီးရီးတွင် အပျိုတော်၊ မြနန်းရွှေပြည်၊ ဆယ်ကျော်သက်၊ မြို့တော်ရွှေဘို၊ ဂီတခရီးသည်၊ အဆိုတော်မလေး၊ ပြော၊ ကောင်းခြင်းမင်္ဂလာအပါအဝင် တေးသီချင်း ၁၁ ပုဒ်ပါဝင်ပြီး မြန်မာ့ဆိုင်းပညာရှင် အကယ်ဒမီ မြန်မာပြည်ကျောက်စိမ်းနှင့်တွဲဖက်ကာ ဂီတမှူးဇေယျာမင်း၏ Natural Music Band ဖြင့် တီးခတ်ပံ့ဖော်ပေးထားကြောင်း သိရှိရသည်။

**မင်းထွဏ်း**

## ADB အထောက်အပံ့ဖြင့် ဖွင့်လှစ်သည့် ကာလတို (၃) လ သင်တန်းများဆင်း

စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB/JFPR Japan Fund for Poverty Reduction) အထောက်အပံ့ဖြင့် ဒုတိယအကြိမ်မြောက်ဖွင့်လှစ်သည့် (Competency Based Modular Short Course) ကျွမ်းကျင်မှုအခြေပြုကာလတိုဂဟေဆက်သင်တန်းများ၏ သင်တန်းဆင်းပွဲအခမ်းအနားကို သက်ဆိုင်ရာသင်တန်းကျောင်းများတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်ခဲ့သည်။

အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဆက်ကလည်းကောင်း၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် ညွှန်ကြားရေးမှူး ဦးအောင်သူကလည်းကောင်း၊ သင်တန်းဆင်းအမှာစကားများပြောကြားခဲ့ပြီး ကျောင်းအုပ်ကြီးများမှ သင်တန်းသားကိုယ်စားလှယ်များထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါကာလတို (၃) လသင်တန်းများကို (၉-၅-၂၀၁၆) ရက်နေ့မှ (၂၉-၇-၂၀၁၆) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) တွင် သင်တန်းသား ၂၅ ဦး၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တွင် သင်တန်းသား ၂၅ ဦးတို့သည် လျှပ်စစ်ဂဟေဆက်ဘာသာရပ်နှင့် ဓာတ်ငွေ့ဂဟေဆက်ဘာသာရပ်တို့ဖြင့် တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရှိရသည်။

သတင်းနှင့်ကြော်ငြာများ ဆက်သွယ်ထည့်သွင်းနိုင်
၀၆၇-၄၀၅၀၅၇ ၊ ၀၆၇-၄၀၅၄၂၉၊
၀၁ -၂၅၀၆၅၁




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြည်တွင်းခရီးသည် လေဆိပ်အဆောက်အအုံသစ် (New Domestic Terminal-3) ကို ဒီဇင်ဘာလ ၅ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ဒီဇင်ဘာလ ၉ ရက်နေ့ကစ၍ ပြည်တွင်းလေကြောင်းလိုင်းများအားလုံးကို အဆိုပါအဆောက်သစ်သို့ ပြောင်းရွှေ့ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသစ်တွင် လေကြောင်းလိုင်းများအားလုံးကို ပြောင်းရွှေ့ဝန်ဆောင်မှုပေးခဲ့ပြီး၊ လက်ရှိအသုံးပြုနေသော ပြည်တွင်းခရီးသည် လေဆိပ်အဆောက်အအုံကို ဖျက်သိမ်း၍ နိုင်ငံတကာလေဆိပ် Terminal-1 နှင့် Terminal-2 ကိုဆက်စပ်ပေးသည့်အဆောက်အအုံအဖြစ် YACL ကုမ္ပဏီက ပြောင်းလဲဆောက်လုပ်သွားမည်ဖြစ်သည်။ ပြည်တွင်းခရီးသည်အဆောက်အအုံ၏ဧရိယာမှာ အလျား ၂၆၀ မီတာနှင့်အနံ ၆၀ မီတာကျယ်ဝန်းကာ Check-in ကောင်တာ ၃၈ ခု၊ Aerobridge ၄ ခုနှင့် Remote Gate ၂ ခုပါရှိပြီး၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ YACL ကုမ္ပဏီကတည်ဆောက်ခဲ့ရာ ၁၅ လအကြာတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပလေကြောင်းလိုင်း ၂၉ လိုင်းနှင့်ပြည်တွင်းလေကြောင်းလိုင်း ၉ လိုင်းတို့ကို ဝန်ဆောင်မှုပေးနေပြီး ပြည်တွင်းခရီးသည်လေဆိပ်အဆောက်အအုံ၌ နေ့စဉ်ပြည်ပခရီးသည် ၆,၀၀၀ ဦးခန့်နှင့် ပြည်တွင်းခရီးသည် ၆,၀၀၀ ဦးခန့်အသုံးပြုလျက်ရှိကြောင်း သိရသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၁၉၅၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းနှင့် ၂၀၀၄ ခုနှစ်တို့တွင် တိုးချဲ့ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်ဆောင်အဆောက်အအုံသစ် Terminal-1 ကိုဖွင့်လှစ်ပေးခဲ့သည်။

**မြင့်မြတ်အောင်မြင့်**




# Best Sun & Koo Engineering

## 佳日工程股份有限公司

BEST SUN TECHNOLOGY

務實 創新 卓越





- 水電，消防，空調工程
- 系統設計規劃施工
- 高低壓配電盤製造
- 銷售，代理各類滅火器，自動消防系統，消防受信總機
- 台灣第一廠牌復盛空壓機

- Water Piping, Electrical, Fire Fighting, Air Conditioning Engineering
- System Designing, Planning and Construction
- High and Low Voltage Distribution Panel Manufacturing
- Sale and Agent of all king of Fire Extinguisher, Fire Control Panel, Fire Hose Reel, Fire Pump & Auto Fire Alarm System
- Taiwan No.（1） FUSHENG BRAND Air-Compressor

聯繫人簡瑋廷: 09255927974 ဆက်သွယ်ရန် - ကိုဇော်မင်းထွန်း: 09250997086 Office: 09262704621

Email: bestsun.ygn@gmail.com Website: www.bestsunvn.com.tw


Address: No.8, Bonyarna Street, Mayangone Township, Yangon.

# POLO CLUB (ASIA) RESIDENCE









* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမျှော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTELINES: (09)795889588 | (09)796889688 | (09)797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.